http://www.dhammadownload.com



သာသနာရေးဝန်ကြီးဌာန

နေ့စဉ်ထုတ်သတင်းစာများတွင်
ရေးသား ဖော်ပြထားပြီးဖြစ်သည့်

# လောကလူသားများအား
# လိမ္မာယဉ်ကျေးစေရန်
# ရည်ရွယ်ဟောကြားထားသော
# မြတ်ဗုဒ္ဓ၏ တရားစုများ

(ပထမတွဲ)

၂၀၁၂-ခုနှစ်၊ ဇွန်လ

http://www.dhammadownload.com

သာသနာရေးဝန်ကြီးဌာန

နေ့စဉ်ထုတ်သတင်းစာများတွင်
ရေးသား ဖော်ပြထားပြီးဖြစ်သည့်

# လောကလူသားများအား
# လိမ္မာယဉ်ကျေးစေရန်
# ရည်ရွယ်ဟောကြားထားသော
# မြတ်ဗုဒ္ဓ၏ တရားစုများ

(ပထမတွဲ)

၂၀၁၂-ခုနှစ်၊ ဇွန်လ

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဗုဒ္ဓအလိုကျ အဆုံးအမတော် | ၁ |
| ၂။ | မြတ်ဗုဒ္ဓ၏ တန်ဖိုးကြီးမား အသိပေးတရား | ၂ |
| ၃။ | လူ့ကျင့်ဝတ်များ (အရပ်ခြောက်ပါး) | ၃ |
| ၄။ | သားသမီးကျင့်ဝတ် (၅)ပါး | ၄ |
| ၅။ | မိဘကျင့်ဝတ် (၅)ပါး | ၇ |
| ၆။ | တပည့်ကျင့်ဝတ် (၅)ပါး | ၁၁ |
| ၇။ | ဆရာကျင့်ဝတ် (၅)ပါး | ၁၃ |
| ၈။ | ခင်ပွန်းယောကျ်ားကျင့်ဝတ် (၅)ပါး | ၁၈ |
| ၉။ | ဇနီးမယားကျင့်ဝတ် (၅)ပါး | ၂၀ |
| ၁၀။ | ဒါယကာကျင့်ဝတ် (၅)ပါး | ၂၄ |
| ၁၁။ | ရဟန်းကျင့်ဝတ် (၆)ပါး | ၂၈ |
| ၁၂။ | မေတ္တာအာနိသင် | ၃၂ |
| ၁၃။ | မေတ္တာသည် ရန်ကင်းငြိမ်း၏ | ၃၃ |
| ၁၄။ | မေတ္တာ၏အကျိုးအာနိသင် | ၃၄ |
| ၁၅။ | မေတ္တာသည် အတ္တမဟုတ် | ၃၅ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆။ | မေတ္တာသည် ဒါန, သီလ, ဘာဝနာ, ပညာ | ၃၆ |
| ၁၇။ | မေတ္တာမှန် | ၃၇ |
| ၁၈။ | ဒေါသကို မေတ္တာဖြင့်ဖြေသိမ့် | ၃၈ |
| ၁၉။ | မေတ္တာမိုး ရွာသွန်းဖြိုး | ၃၉ |
| ၂၀။ | မေတ္တာသည် သီတာရေစင် | ၄၀ |
| ၂၁။ | လောကကို အလှဆင်နေသည့် အကြောင်းတရား (၄)ပါး | ၄၁ |
| ၂၂။ | ဒါနတော ဘောဂဝါ အကြောင်း (၂)ဖြာ | ၄၃ |
| ၂၃။ | စကားအရာ အင်္ဂါ (၄)တန် | ၄၇ |
| ၂၄။ | စကားအရာ အင်္ဂါ (၅)တန် | ၄၉ |
| ၂၅။ | စကား (၆)ခွန်း လူ့ဌေးထွန်း | ၅၁ |
| ၂၆။ | သူတော်ကောင်းဥစ္စာတရား (၇)ပါး | ၅၃ |
| ၂၇။ | ကံ၏အကျိုး | ၅၄ |
| ၂၈။ | ဝီရိယနှင့်ဆန္ဒအကျိုး | ၅၅ |
| ၂၉။ | ဘုရားဟောကျမ်းလာ ဥစ္စာရှိကြောင်း နည်းလမ်းကောင်း | ၅၆ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀။ | သစ်ပင်စိုက်ပျိုး ရရှိအကျိုး | ၅၇ |
| ၃၁။ | အဆင်းလှခြင်း၊ မလှခြင်း စသည့် အကြောင်းများ | ၅၉ |
| ၃၂။ | သူတော်ကောင်း ယောကျ်ားမြတ်တို့၏ လက္ခဏာ (၄)ပါး | ၆၀ |
| ၃၃။ | လူတို့ရှောင်ကြဉ်သင့်သော မကောင်းမှု (၆)ပါး | ၆၂ |
| ၃၄။ | ဥစ္စာပျက်ကြောင်း တရား (၆)ပါး | ၆၄ |
| ၃၅။ | အရက်သေစာသောက်စားခြင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်း၏အပြစ်(၆)ပါး | ၆၆ |
| ၃၆။ | အခါမဲ့သွားလာခြင်းအပြစ် (၆)ပါး | ၆၈ |
| ၃၇။ | ပျင်းရိခြင်း အပြစ် (၆)ပါး | ၇၀ |
| ၃၈။ | လောင်းကစားခြင်း အပြစ် (၆)ပါး | ၇၂ |
| ၃၉။ | အကြီးအကဲကျင့်ဝတ် (၆)ပါး | ၇၄ |
| ၄၀။ | ကိုယ်ကျိုးသာငဲ့သော အဆွေခင်ပွန်းတု (၄)ယောက် | ၇၆ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | ချစ်ဖွယ်ကိုသာဆိုတတ်သော အဆွေခင်ပွန်းတု (၄)ယောက် | ၇၈ |
| ၄၂။ | ကျေးဇူးရှက်ဆောင်သော အဆွေခင်ပွန်းစစ် (၄)ယောက် | ၈၀ |
| ၄၃။ | ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆွေခင်ပွန်းစစ် (၄)ယောက် | ၈၂ |
| ၄၄။ | အကျိုးစီးပွားကို ပြောတတ်သော အဆွေခင်ပွန်းစစ် (၄)ယောက် | ၈၄ |
| ၄၅။ | ပျက်စီးလွယ်သောသူ (၄)ယောက် | ၈၆ |
| ၄၆။ | မြန်မာတို့၏ဆိုရိုးစကား၊ စကားကြီး(၁၀)မျိုး | ၈၈ |
| ၄၇။ | ရေကူးညာတင်စကားပြောနည်း | ၈၉ |
| ၄၈။ | ကောက်ပင်ရိတ်လှီး စကားပြောနည်း | ၉၁ |
| ၄၉။ | ရေစီးဖောင်ဆန် စကားပြောနည်း | ၉၃ |
| ၅၀။ | အိုးတန်ဆန်ခတ် စကားပြောနည်း | ၉၅ |
| ၅၁။ | ဆီပွတ်ကျည်ပွေ့ စကားပြောနည်း | ၉၇ |
| ၅၂။ | ဆင်ငွေ့ရန်ရှောင် စကားပြောနည်း | ၉၉ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | တောင်သူယာခုတ် စကားပြောနည်း | ၁၀၁ |
| ၅၄။ | ကြက်ဆုတ်ခွပ်ပစ် စကားပြောနည်း | ၁၀၄ |
| ၅၅။ | ရေစစ်ပမာ စကားပြောနည်း | ၁၀၇ |
| ၅၆။ | ခက်တင်မောင်းနင်း စကားပြောနည်း | ၁၁၁ |
| ၅၇။ | နိုင်ငံဝန်ထမ်းရွေးချယ်ရာ၌ ပြည့်စုံရမည့် အင်္ဂါရပ်များ | ၁၁၃ |
| ၅၈။ | သခင် (အလုပ်ရှင်)ကျင့်ဝတ် (၅)ပါး | ၁၁၅ |
| ၅၉။ | လုပ်သား (အလုပ်သမား)ကျင့်ဝတ်(၅)ပါး | ၁၁၇ |
| ၆၀။ | သီးလုံးဆရာတော်ကြီး၏ ဆုံးမသြဝါဒ | ၁၁၉ |
| ၆၁။ | ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၏ ဆုံးမသြဝါဒ (၁) | ၁၂၀ |
| ၆၂။ | ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၏ ဆုံးမသြဝါဒ (၂) (ပြာဖုံးမီးခဲ လောင်မစဲ) | ၁၂၁ |
| ၆၃။ | ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၏ ဆုံးမသြဝါဒ (၃) (စောင့်ကြည့်ပါ) | ၁၂၂ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၄။ | ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ (၁) (အောင်မြင်ရေးတရား ၄-ပါး) | ၁၂၃ |
| ၆၅။ | ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ (၂) | ၁၂၄ |
| ၆၆။ | ဆရာတော် ဘဒ္ဒန္တမာနိတသိရီဘိဝံသ၏ ဩဝါဒ (ဆန်ပါလေ) | ၁၂၅ |
| ၆၇။ | မန္တလေးမြတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ၏ ဆုံးမစာ (ချမ်းသာချင်လျှင် စိတ်ကောင်းထားပါ) | ၁၂၆ |
| ၆၈။ | ၃၈-ဖြာ မင်္ဂလာတရားတော် | ၁၂၇ |

http://www.dhammadownload.com

# ဉယျောဇဉ်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဂေါတမဘုရားလောင်း သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူသည်ကို ကိုယ်တိုင် ကြုံကြိုက်ခဲ့သောကြောင့် တစ်ဘဝတည်းဖြင့် နိဗ္ဗာန်သို့ ရောက်ရှိအောင် ကျင့်ကြံအားထုတ် ဆောင်ရွက်နိုင်သည့် အခွင့်အရေး ရှိခဲ့သော်လည်း သတ္တဝါများအား ကယ်တင် လိုသောဆန္ဒ ပြင်းပြတော်မူလှသဖြင့် လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ဒုက္ခဆင်းရဲခံ၍ ဘုရားဖြစ်ကြောင်း ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ရာ နောက်ဆုံး၌ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ပြီး သတ္တဝါများအား သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်အောင် ကယ်တင်ရာတွင် ပုဂ္ဂိုလ်သတ္တဝါတို့၏ ပါရမီဓာတ်ခံ အနုအရင့် ကို လိုက်၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ စသည့် တရားများကို အသီးသီး အသက အသက ဟောကြားတော်မူခဲ့ပါသည်။

ဘုရားရှင်သည် တစ်ဘဝတည်းဖြင့် ကျွတ်ထိုက်သူ များကို လမ်းတိုနည်းဖြင့် ဟောကြားမှုပြုသကဲ့သို့ သံသရာ အဆက်ဆက် လည်ပတ်နေကြဦးမည့် သတ္တဝါများကိုလည်း လောကအတွင်း တရားဓမ္မနှင့်အညီ နေထိုင်ကျင့်ကြံခြင်းဖြင့် နောင်သောကာလတွင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်စေရန်

http://www.dhammadownload.com

ရည်သန်၍ နိဗ္ဗာန်သို့ သွားရောက်ရာ လမ်းကြောင်းလမ်းမှန် အခြေခံတရားများကို ဟောကြားတော်မူခဲ့ရာတွင် ဒီဃနိကာယ်၊ ပါထိကဝဂ္ဂပါဠိတော် သိင်္ဂါလောဝါဒသုတ်၌ သိင်္ဂါလလုလင်အား အကြောင်းပြု၍ လူ့ယဉ်ကျေးမှု တရားများကို ဟောကြားတော်မူခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ထူထောင်ရာတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများကို ဆောင်ရွက်ပေးသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အနေဖြင့်လည်း ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရန်အတွက် လူအများ ဗဟုသုတရရှိ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လူ့ယဉ်ကျေးမှု တရားစုများကို ပညာပေး ရေးသားဖော်ပြရန် လမ်းညွှန်ခဲ့သဖြင့် ဤ **"ယဉ်ကျေးမှုစာစု"**များကို ဖော်ထုတ်ပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

လူမျိုးမရွေး ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး လေ့လာ ဖတ်ရှု လိုက်နာ ကျင့်သုံးပါက ငြိမ်းချမ်းသော မိသားစုမှသည် ငြိမ်းချမ်းသောကမ္ဘာ ဖြစ်ပေါ်လာသည်အထိ အထောက်အကူပြုသွားစေနိုင်ရန်အတွက် စေတနာ မေတ္တာ အရင်းခံ၍ ဖော်ထုတ်ပြုစု ရေးသားတင်ပြအပ်ပါသည်။

**မောင်မြင့်မောင် (သာသနာရေး)**

http://www.dhammadownload.com

# ဗုဒ္ဓအလိုကျ အဆုံးအမတော်

**သဗ္ဗပါပဿ အကရဏံ၊**

မကောင်းတာ (အကုသိုလ်) ဟူသမျှ

ဘာမျှ မလုပ်ပါနှင့်။

**ကုသလဿ ဥပသမ္ပဒါ၊**

ကောင်းတာ (ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

**သစိတ္တပရိယောဒပနံ၊**

မိမိစိတ်ကို မိမိနိုင်အောင် ထိန်းပါ။

"(မကောင်းတာမလုပ်ဖြစ်အောင် စိတ်ကို ထိန်းပါ)"

**ဧတံ ဗုဒ္ဓါန သာသနံ၊**

ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ-၄၁။)

**(သာသနာရေး)**

(၂၄-၆-၂၀၀၆)

http://www.dhammadownload.com



# မြတ်ဗုဒ္ဓ၏ တန်ဖိုးကြီးမား အသိပေးတရား

အပ္ပမာဒေန သမ္ပာဒေထ၊

မမေ့မလျော့၊ မပေါ့ မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။

"သတ္တဝါအများ အို ချစ်သားတို့၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ ပြုပြင်သမျှ စီရင်သမျှ ခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သော သဘောရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့"

(ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ-၁၂၈။)

(သာသနာရေး)

(၂၆-၆-၂၀၀၆)

http://www.dhammadownload.com



သိင်္ဂါလောဝါဒ သုတ္တန်မှ

(အမှတ်စဉ်-၁)

# လူ့ကျင့်ဝတ်များ

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွအသွား လမ်းတွင် ရာဇဂြိုဟ်သူဌေးသား သိင်္ဂါလသည် သူ၏ဖခင် မှာကြားခဲ့သည့်အတိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်ဟူသော အရပ်ခြောက်မျက်နှာကို ရှိခိုးလျက်နေသည်ကို တွေ့မြင်တော်မူ၍ ရှိခိုးသင့်၊ ရှိခိုးထိုက်၊ ပူဇော်သင့် ပူဇော်ထိုက်သော အရပ်မျက်နှာတို့မှာ မိဘ ဆရာသမားစသည်တို့ကို တင်စားခေါ်ဆိုထားခြင်း ဖြစ်ကြောင်းကို ဟောကြားတော်မူ၏။

**အရပ်ခြောက်ပါး**

- မိဘသည် အရှေ့အရပ်
- ဆရာသမားသည် တောင်အရပ်
- သားမယားသည် အနောက်အရပ်
- မိတ်ဆွေသည် မြောက်အရပ်
- အလုပ်သမားသည် အောက်အရပ်
- ရဟန်းသံဃာသည် အထက်အရပ်

**(သာသနာရေး)**

(၂၄-၆-၂၀၀၆)

http://www.dhammadownload.com



# သားသမီးကျင့်ဝတ် (၅) ပါး

အရှေ့အရပ်ဟု ဆိုအပ်သော မိဘတို့အပေါ်၌ သား သမီးတို့က ပြုကျင့်ရမည့် တာဝန်ဝတ္တရား (၅)ပါး ရှိကုန်၏။

## သားသမီးကျင့်ဝတ် (၅) ပါး လင်္ကာ

ကျွေးမွေးမပျက်၊
ဆောင်ရွက်စီမံ၊
မွေခံထိုက်စေ၊
လှူမျှဝေ၍၊
စောင့်လေမျိုးနွယ်၊
ဝတ်ငါးသွယ်၊
ကျင့်ဖွယ်သားတို့တာ။

၁။ မိဘတို့အား ကျွေးမွေးပြုစုခြင်း၊

၂။ မိဘတို့၏ လုပ်ငန်းကိစ္စများကို စီမံဆောင်ရွက် ပေးခြင်း၊

၃။ မိဘတို့ ဆိုဆုံးမသည့်အတိုင်း လိုက်နာ ကျင့်သုံး ခြင်းဖြင့် အမွေခံထိုက်အောင် နေထိုင်ခြင်း၊

၄။ ကွယ်လွန်သွားသော မိဘတို့အတွက် အလှူဒါန ပြုလုပ်၍ ကုသိုလ်အဖို့ အမျှဝေခြင်း၊

၅။ မိဘတို့၏ အမျိုးအနွယ်ကို စောင့်ထိန်းခြင်းတို့ ဖြစ် သည်။

http://www.dhammadownload.com



ပုဂံရာဇဝင်တွင် ရှရီတြိဘုဝနာဒိတျဓမ္မရာဇာဘွဲ့ အမည်ခံသော ကျန်စစ်မင်းကြီး၏ သားတော် ရာဇကုမာရသည် မိဘကျေးဇူးသိတတ်သည့်အရာ၌ စံထားလောက်ပေသည်။ ရာဇကုမာရသည် တြိလောကဝဋ္ဋံသကာဒေဝီ ဘွဲ့ခံ အပယ်ရတနာမိဖုရား၏ သားတော်ဖြစ်၏။ ကျန်စစ်သားမင်းကြီးသည် ထီးမွေနန်းမွေကို သားတော် ရာဇကုမာရအားမပေးခဲ့ဘဲ မြေးတော် အလောင်းစည်သူအား ထီးနန်းလွှဲအပ်ခဲ့သည်။ သားတော် ရာဇကုမာရမှာ ထီးမွေ နန်းမွေကို မရသည့်အတွက် မကျေနပ်သည့် အရိပ်အယောင် မတွေ့ရဘဲ ခမည်းတော် ကျန်စစ်မင်းကြီးအား အနန္တကျေးဇူးရှင်အဖြစ်သတ်မှတ်၍ ကျေးဇူးဆပ်ရန် အခွင့်အလမ်းကိုသာ စောင့်စားနေခဲ့သည်။ ခမည်းတော် ကျန်စစ်သားမင်းကြီး မကျန်းမာ၍ နတ်ရွာစံတော်မူခါနီးဆဲဆဲတွင် ရွှေဆင်းတုတော်တစ်ဆူ သွန်းလုပ်ပြီး ရေစက်သွန်းချ လှူဒါန်းရန် ခမည်းတော်လက်သို့ အပ်နှံခဲ့လေသည်။ ခမည်းတော် ကျန်စစ်သား မင်းကြီးသည် ဆရာတော်ကြီး ခုနစ်ပါးကိုပင့်၍ ရေစက်သွန်းချ လှူဒါန်းလေသည်။ ယင်းရွှေဘုရားကို ဌာပနာ၍ တည်ထားသော စေတီတော်မှာ မြင်းကပါရွာအနီး၌တည်ရှိ၍ "ဂူပြောက်ကြီးဘုရား" ဟု ဘွဲ့အမည်တွင်ခဲ့သည်။

http://www.dhammadownload.com



ဤမျှဖြင့် မိအို ဖအို ပြုစုစောင့်ရှောက် လုပ်ကျွေးခြင်းသည် ရှေးသူဟောင်းတို့ အစဉ်အဆက် ကျင့်သုံးခဲ့ကြသည့် ကောင်းမြတ်သော မင်္ဂလာကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း သိသာ ထင်ရှားလေသည်။

(ပါထိကဝဂ္ဂပါဠိ - ၁၅၄။)

**(သာသနာရေး)**

(၂၄-၆-၂၀၀၆)

http://www.dhammadownload.com



သိင်္ဂါလောဝါဒ သုတ္တန်မှ

# မိဘကျင့်ဝတ် (၅) ပါး

[မိဘတိုင်းသည် မိမိရင်သွေး သားသမီးများအား လိမ္မာယဉ်ကျေးစေရန် ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး ကိစ္စများပါမကျန် အဆင်ပြေချောမွေ့စေရန်အတွက် အောက်ဖော်ပြပါ တာဝန်ငါးရပ်ကို မိဘဝတ္တရားအဖြစ် သိင်္ဂါလောဝါဒသုတ္တန်တွင် ဂေါတမဘုရားရှင်က ထည့်သွင်းဟောကြားတော်မူခဲ့ပါသည်။]

- မကောင်းမှု ဒုစရိုက်ကိုမပြုမိစေရန် တားမြစ်ဆုံးမခြင်း၊
- ကောင်းမှုသုစရိုက်ကိုသာ ပြုမိစေရန် ညွှန်ကြားဆုံးမခြင်း၊
- စက်မှု၊ လက်မှု၊ နှုတ်မှု၊ အသက်မွေးမှု အတတ်ပညာသင်ကြားပေးခြင်း၊
- အရွယ်ရောက် လူလားမြောက်သောအခါ လုပ်ငန်းတစ်ခုခု လုပ်ကိုင်နိုင်စေရန် အရင်းအနှီး ထုတ်ပေးခြင်း၊
- သင့်လျော်သည့် အိမ်ထောင်ဖက်နှင့် ထိမ်းမြားပေးခြင်း၊

http://www.dhammadownload.com .



# မိဘကျင့်ဝတ် (၅) ပါး လင်္ကာ

မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊
အတတ်သင်စေ၊ ပေးဝေနှီးရင်း၊
ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊
ဖခင်မယ်တို့တာ။

မိဘမေတ္တာကို ဖော်ကျူးရပါက မြင်းမိုရ်တောင်ဦးမက ကြီးမားကြောင်း မြင်းမိုရ်တောင်နှင့်ပင် ခိုင်းနှိုင်းခဲ့ကြပါသည်။ သာဓကအားဖြင့် ပေါ်လွင်အောင် တင်ပြရလျှင် ဗိမ္ဗိသာရမင်းကြီးသည် မိဖုရားခေါင်ကြီးတွင် ပဋိသန္ဓေ သားဦးတည်စ ကာလကပင် ပညာရှိပုဏ္ဏားများအား သားလောင်းနှင့်ပတ်သက်၍ ဗေဒင်ကိန်းခန်း မေးမြန်းရာတွင် ပုဏ္ဏားများက "အရှင်မင်းကြီး ယခုမွေးဖွားလာမည့် ဤသားတော်သည် နောင်တစ်ချိန်တွင် အဖအား သတ်မည့်သား ဖြစ်လိမ့်မည်"ဟု ဟောကြားခဲ့ပါသော်လည်း သားသမီးအပေါ်တွင် ထားရှိသော မိဘ၏ချစ်ခြင်းမေတ္တာကြောင့် သန္ဓေသားကို ဖျက်ဆီးခြင်း မပြုဘဲ မွေးဖွားစေခဲ့ပါသည်။

ဗိမ္ဗိသာရမင်းကြီး၏ သားတော်အဇာတသတ်မင်းသားမှာလည်း ဆရာ (ဒေဝဒတ်)ကို ကိုးကွယ်မှုမှားသဖြင့် အဖကို နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ညှဉ်းပမ်းနှိပ်စက်ခဲ့ရာတွင်

http://www.dhammadownload.com



နောက်ဆုံး ခြေဖဝါးကို ဓားဖြင့်ခွဲစေပြီး ဆားပက်မီးကင်၍ သတ်ဖြတ်ခဲ့သည့် အဆင့်တိုင်အောင် ပြုမူသော်လည်း ဗိမ္ဗိသာရမင်းကြီးသည် သားတော်အပေါ် မေတ္တာမပျက် စိတ်မကွက်ဘဲ ဝေဒနာကို တရားဓမ္မဖြင့် ရှုမှတ်ပြီး သားတော် အပေါ် အစွမ်းကုန် ခွင့်လွှတ်ခဲ့ပါသည်။

သားတော် အဇာတသတ်မင်းသားသည် ၎င်း ကိုယ်တိုင် ဖခင်ဘဝရောက်ရှိ၍ သားတော်လေး ဖွားမြင် သည် ဟူသော သတင်းလေး ကြားရုံဖြင့် သားသမီးအပေါ် ချစ်ခြင်းဂယက် နှလုံးသား၌ ရိုက်ခတ်လာသည့်အခါကျမှသာ ၎င်း၏ဖခင်က ၎င်းအပေါ် မည်မျှချစ်ခင်မြတ်နိုးသည်ကို သိလို သဖြင့် မိခင်ကြီးအား မေးမြန်းခဲ့ရာ ဗိမ္ဗိသာရမင်းကြီးသည် သားတော်အဇာတသတ်မင်းသားကို မည်မျှချစ်သည်ဆိုပါလျှင် အဇာတသတ်မင်းသား ငယ်စဉ်က လက်ညှိုးခူနာမှ ပြည်များ ပေါက်ထွက်ရာတွင် သားတော်နိုးမည်စိုး၍ လက်ညှိုးငုံထား သော အာခံတွင်းကို ဟခြင်းမပြုဘဲ ပြည်များကို ရင်တွင်းသို့ မျိုချလိုက်သည်အထိ သားတော်အပေါ် ချစ်မြတ်နိုးခဲ့ကြောင်း မိခင်မှတစ်ဆင့် သိရှိခဲ့၍ နောင်တကြီးစွာ ရရှိခဲ့ရသည်။ ယို့အပြင် ဆရာစစ် ဆရာမှန်ဖြစ်သော မြတ်စွာဘုရား၏ တရားတော်များကို နာကြားရသောအခါတွင်မှ အဇာတသတ် မင်းသားသည် စိုးရိမ်သောကမှ သက်သာရာ ရရှိခဲ့ရပါသည်။

http://www.dhammadownload.com



သို့သော်လည်း နောင်တကား နောက်ကျခဲ့ပြီး ဖြစ်သဖြင့် ဖခင်အား ပြစ်မှုကျူးလွန်သည့် ပြစ်ဒဏ်ကြောင့် တစ်ဘဝတည်းဖြင့် သောတာပန်ရရှိနိုင်မည့် အခွင့်အရေးကြီး ကို ဆုံးရှုံးလက်လွှတ်ခဲ့ရပြီး အပါယ်ငရဲတွင် ခံစားနေရရှာပါ သည်။

မျက်မှောက်ကာလ ခေတ်သားသမီးများ သိသင့် သည်မှာ ပမာအားဖြင့် မိဘတို့အား အစဉ်ရိုသေ မြတ်နိုး ပြုစုခဲ့သော ဘုရားလောင်း သုဝဏ္ဏသာမမင်းသားသည် မြား ဆိပ်ဒဏ်ရာဖြင့် မေ့မြောနေရာမှ မိဘကို လုပ်ကျွေးခဲ့သည့် ကောင်းမှုကုသိုလ်ကြောင့် အသက်ပြန်လည် ရှင်သန်ခွင့် ရနိုင် ခဲ့ပါသည်။ သို့သော် မိဘတို့အား သတိတရ ပြုစုစောင့်ရှောက် ခြင်းမရှိ ပြစ်မှားစော်ကားမိပါက အဇာတသတ်မင်းသားကဲ့သို့ (လောဟကုမ္ဘီ) ငရဲတွင် ဒုက္ခခံစားရတတ်ကြောင်းကို သတိပြု သင့်လှပေသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၄။)

**(သာသနာရေး)**

(၂-၈-၂၀၀၆)

http://www.dhammadownload.com



သိင်္ဂါလောဝါဒ သုတ္တန်မှ

# တပည့်ကျင့်ဝတ် (၅) ပါး

မြတ်စွာဘုရားရှင်သည် သူကြွယ်သား သိင်္ဂါလလုလင်အား "တောင်အရပ်မည်သော ဆရာတို့ကို တပည့်များအနေဖြင့် ပြုစုစောင့်ရှောက်အပ်သောတရား ငါးပါးရှိကုန်သည်"ဟု ဟောကြားခဲ့ပါသည်။ တပည့်များ အနေဖြင့် အောက်ပါတာဝန်ဝတ္တရားများကို ဆရာသမားများအပေါ်တွင် ကျေပွန်စွာ ရိုသေမှုပြုကြရန် လိုအပ်ပါသည်-

- ဆရာလာသည်ကို မြင်သော် နေရာမှထ၍ ခရီးဦး ကြိုဆိုခြင်းဖြင့် လည်းကောင်း၊
- ဆရာ့ထံပါး ခစားဆည်းကပ်ခြင်းဖြင့် လည်းကောင်း၊
- ဆိုဆုံးမသော စကားကို ရိုသေစွာနာယူခြင်းဖြင့် လည်းကောင်း၊
- အရိုအသေ ပြုစုလုပ်ကျွေးခြင်းဖြင့် လည်းကောင်း၊
- ဆရာသမားများ သင်ကြားသည့် စာပေကျမ်းဂန်နှင့် အတတ်ပညာများကို အမြဲမပြတ် သင်အံ

http://www.dhammadownload.com



လေ့ကျက် မှတ်သားခြင်းဖြင့် လည်းကောင်း
တပည့်ဝတ်ကို ကျေပွန်ကြကုန်ရာ၏။

## တပည့်ကျင့်ဝတ် (၅) ပါး လင်္ကာ

ညီညာထကြွ၊ ဆုံးမနာယူ၊
လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊
သင်ထွေးအံ့ရွတ်၊ တပည့်ဝတ်၊
မချွတ်ငါးခုသာ။

(ပါထိကဝဂ္ဂပါဠိ-၁၅၄။)

**(သာသနာရေး)**
(၁၃-၈-၂၀၀၆)

http://www.dhammadownload.com



သိင်္ဂါလောဝါဒ သုတ္တန်မှ

## ဆရာကျင့်ဝတ် (၅) ပါး

မြတ်စွာဘုရားရှင်သည် သူကြွယ်သား သိင်္ဂါလ လူငယ်အား "တောင်အရပ်မည်သော ဆရာတို့သည် တပည့်များအပေါ်၌ ပြုစုစောင့်ရှောက်အပ်သော တရား (၅)ပါး ရှိကုန်သည်"ဟု ဟောကြားခဲ့ပါသည်။ ဆရာများအနေဖြင့် တပည့်များအပေါ်တွင် မိမိမှမွေးသော ရင်ဝယ်သားနှင့်မခြား စိတ်ကောင်း စေတနာကောင်းဖြင့် ပြုစုစောင့်ရှောက်သွားရန် လိုအပ်ပါသည်။

- မိမိထံသို့ တပည့်ခံ၍ ပညာသင်ကြားရန် လာရောက်ကြသည့် တပည့်များအား မိမိတတ်သည့် ပညာများကို ကောင်းမွန်စွာ တတ်မြောက်အောင် သင်ကြားပေးရပါမည်။
- အတတ်ပညာ သင်စဉ်မှာပင် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို တပည့်များ ရရှိခံစားနိုင်စေရန်အတွက် ယဉ်ကျေးအောင် ဆုံးမ ပြုပြင်ပေးရန်လည်း တာဝန်ရှိပါသည်။

http://www.dhammadownload.com



- မိမိတတ်သမျှ ပညာများကို ဆရာစားမချန် ကုန်စင်အောင် သင်ကြားပေးရပါမည်။
- အတတ်ပညာ သင်ပေးခြင်းနှင့် ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမ ပြုပြင်ပေးရုံသာမက တပည့်များ ဘေးဖြစ်စေမည့် အရာများကို ဘေးကင်းလွတ်အောင် သွန်သင် ညွှန်ပြပေးနိုင်ရပါမည်။
- တပည့်များအပေါ်တွင် ထားရှိရမည့် ဆရာကောင်းတို့၏ စေတနာမှာ မိမိတပည့်အား မိမိထက်ပင် တတ်သိလိမ္မာစေရန်အတွက် မိမိထက်ထူးချွန်သော သင့်တော်သည့် ဆရာသမားကြီးများထံသို့ ပေးပို့အပ်နှံပေးရမည်။

သို့မှသာ ရတနာသုံးပါးနှင့် တစ်ဂိုဏ်းတည်းထားပူဇော်ထိုက်သော ဆရာများ ဖြစ်ပေမည်။ ဆရာများ ပြုလုပ်အပ်သော တာဝန်ဝတ္တရားများကို ကောင်းစွာ မှတ်သားနိုင်စေရန်အတွက် သင်္ဂဇာဆရာတော်ကြီးက အောက်ပါအတိုင်း လင်္ကာဖွဲ့၍ မှတ်တမ်းတင်ခဲ့ပါသည်။

http://www.dhammadownload.com



# ဆရာကျင့်ဝတ် (၅) ပါး လင်္ကာ

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊
သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာအပ်ပို့ ဆရာတို့၊
ကျင့်ဖို့ဝတ်ငါးဖြာ။

"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ"ဟူ၍ အနန္တော အနန္တငါးပါးနှင့် တစ်တန်းတစ်စားတည်းထား၍ တပည့်များ၏ ကိုးကွယ်မှုကို ခံယူရသော ဆရာများသည် အားကိုးဆည်းကပ် ကိုးကွယ် အပူဇော်ခံထိုက်အောင် ဆရာများဘက်မှလည်း တာဝန်ကျေပွန်ရန် လိုအပ်လှပေသည်။

ဘုရားဟောကျမ်းဂန်လာ ဒေသနာတွင် ဆရာ၏ အမှားကြောင့် တပည့်သားနှစ်ဦး ဒုက္ခရောက်ခဲ့ရသည့် သာဓကရှိခဲ့ပါသည်။

ဒေဝဒတ်မည်သော ဆရာသမားသည် မိမိ၏ အတ္တကိုယ်ကျိုးအတွက် အဇာတသတ်မင်းသားကို အသုံးချပြီး ဖခင်အား သတ်စေသည်အထိ လမ်းမှားသို့ရောက်အောင် ပို့ဆောင်ပေးသကဲ့သို့ မိမိနှင့်လက်အောက်ခံ ဂိုဏ်းသံဃာများကိုလည်း ဘုရားနှင့်ယှဉ်ပြိုင်၍ ဂိုဏ်းကွဲ၊ သင်းကွဲဖြစ်အောင် လမ်းမှားသို့ ပို့ဆောင်ခဲ့သည့် ဆရာမိုက်ကြောင့်

http://www.dhammadownload.com



အဇာတသတ်နှင့် ဒေဝဒတ်၏ တပည့်ရဟန်းများ အပါယ်ငရဲသို့ လားခဲ့ရပါသည်။

အခြားဖော်ပြရမည့် သာဓကေတစ်ခုမှာ ဒိသာပါမောက္ခဆရာကြီးသည် လောကီပညာ တတ်မြောက်ထူးချွန်သဖြင့် မိမိချစ်ခင်မြတ်နိုး တန်ဖိုးထားခဲ့သော တပည့်အဟိံသကအား မိမိဇနီးနှင့် ဖောက်ပြန်နေသည်ဟူသော အခြားကျောင်းသားများ၏ သွေးထိုးစကားကို ယုံမှားသံသယဖြင့် တပည့်အား လူဆိုးကြီး အင်္ဂုလိမာလအဖြစ် ပုံဖော်ပြီး လူပေါင်းတစ်ထောင်သတ်၍ ဆရာအား ပူဇော်ရန် ပညာရှိနှိပ်စက်နည်းမျိုးဖြင့် နှိပ်စက်သည့်အနေဖြင့် တပည့်အား ရန်သူများပြီး သေနိုင်လောက်သည့် သေရွာသို့ပင် ပို့ဆောင်ပေးခဲ့ပါသည်။ အဟိံသကသည် ဆရာ့စကားကို နားထောင်ပြီး လူတစ်ယောက်သတ်ပြီးတိုင်း လက်ညှိုးတစ်ချောင်းဖြတ်ကာ ကြိုးဖြင့်သီ၍လည်မှာ ဆွဲထားခြင်းကြောင့် အင်္ဂုလိမာလ(လက်ညှိုးပန်းရှိသူ) ဟု ကျော်ကြားခဲ့သည်။

ဤကဲ့သို့ တပည့်များကို အန္တရာယ်များသည့် လမ်းများသို့ ပို့ဆောင်ပေးတတ်သည့် ဆရာများလည်း ရှိတတ်သောကြောင့် ဗုဒ္ဓမြတ်စွာက ကေသမုတ္တိသုတ်တွင် “ငါတို့ဆရာ၏ (အချို့ဆရာများကို ဆိုလိုပါသည်) စကား”ဟူ၍

http://www.dhammadownload.com



လည်း တပည့်များအတွက် အမှန်မယူသင့်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

ဆရာများနှင့် တွေ့ခဲ့ရသဖြင့် ဒုက္ခရောက်ခဲ့ရသော အဇာတသတ်မင်းသားနှင့် အင်္ဂုလိမာလတို့သည် ဆရာကောင်း သမားကောင်း ဖြစ်သော ဗုဒ္ဓမြတ်စွာအား ဖူးတွေ့ရသောအခါ အဇာတသတ်မင်းသားအဖို့ ပေးဆပ်ရန်ရှိသော ဝဋ်ကြွေးများ ကုန်ဆုံးသည့် နောက်ဆုံးဘဝ၌ ပစ္စေကဗုဒ္ဓါသူတော်ကောင်းအဖြစ်သို့ ပြန်လည်ရောက်ရှိနိုင်မည့် အလင်းရောင် ရရှိသကဲ့သို့ အင်္ဂုလိမာလသည်လည်း ဗုဒ္ဓမြတ်စွာ ဟောကြားသည့် ဓမ္မတရားကို နာကြားရသည့်အခါ နောက်ဆုံး ရဟန္တာကြီး ဖြစ်သွားခဲ့ပါသည်။

ဆရာမိုက်များ၏ လမ်းပြညွှန်ကြားမှုကို ကံမကောင်းအကြောင်းမလှ၍ နာယူမှတ်သားခဲ့ရသော တပည့်များ ရှိပါက နည်းမှန်လမ်းမှန် ညွှန်ပြနိုင်သည့် ဆရာသမားများထံ ချဉ်းကပ်ပြီး မိမိကိုယ်မိမိ ပြုပြင်သွားအပ်လှပေသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၄။)

(သာသနာရေး)
(၁-၉-၂၀၀၆)

http://www.dhammadownload.com



သိင်္ဂါလောဝါဒသုတ္တန်မှ

## ခင်ပွန်းယောကျ်ား ကျင့်ဝတ် (၅) ပါး

မြတ်စွာဘုရားရှင်သည် လောကီရေးကို အခြေခံ၍ လောကုတ္တရာရေးကိုပါ ရှင်သန်ကြီးကုတ် အားထုတ်နိုင်ရန် အတွက် လောက၏ အရေးအရာများကိုပင် ဓမ္မနှင့်ယှဉ်၍ ဟောကြားတော်မူခဲ့သည်မှာ သိင်္ဂါလောဝါဒသုတ်၌ လောကီ လူသား သူတော်ကောင်း ခင်ပွန်းယောကျ်ား၏ ဇနီးသား မယားအပေါ်တွင် ထားရှိရမည့် တာဝန်ဝတ္တရားများကို ကျင့်ဝတ် (၅)ပါးအဖြစ် ဟောကြားတော်မူခဲ့ပါသည် -

- အိမ်ထောင်ဖက် ခင်ပွန်းသည်တို့သည် မိမိတို့ ဇနီး သားမယားအပေါ်တွင် မထီမဲ့မြင် နိုင်ထက် စီးနင်း မပြုလုပ်ရာ၊
- အမျိုးသား ခင်ပွန်းယောကျ်ားသည် မိမိတို့ ရှာဖွေရရှိသော ဥစ္စာပစ္စည်းများကိုလည်း ဘဝ ကြင်ဖော် ဇနီးသားမယားထံ အပ်နှံကြရမည်၊
- အမျိုးသားခင်ပွန်းယောကျ်ားသည် မိမိဇနီးသား မယားအပေါ်တွင် အမြဲတမ်း သစ္စာထား၍ အခြားသော အမျိုးသမီးများအပေါ် တိမ်းညွတ် ယစ်မူးပျော်ပါးခြင်း မပြုလုပ်ရာ၊

http://www.dhammadownload.com



- အမျိုးသား ခင်ပွန်းယောကျ်ားသည် မိမိဇနီးသားမယားအား သင့်တင့်လျောက်ပတ်သော ရတနာပစ္စည်း အဝတ်အစားများကို ဆင်မြန်းချီးမြှင့်ပေးရမည်၊
- အမျိုးသား ခင်ပွန်းယောကျ်ားသည် မိမိဇနီးသားမယား ကြင်သူသက်ထားအပေါ်တွင် အမြတ်တနိုး ကြင်နာသမှု ပြုစုယုယကြရမည်-

ဟု လင်သားတို့၏ ပြုကျင့်အပ်သော ဝတ္တရား (၅)ပါးကို ဟောကြားတော်မူခဲ့ပါသည်။

အမျိုးသား ခင်ပွန်းယောကျ်ားတို့ ပြုလုပ်အပ်သော တာဝန်ဝတ္တရားများကို ကောင်းစွာ မှတ်သားရ လွယ်ကူစေရန် အတွက် သင်္ဂဇာဆရာတော်ကြီးက အောက်ပါအတိုင်း လင်္ကာဖွဲ့၍ မှတ်တမ်းတင်ခဲ့ပါသည်-

## လင်ကျင့်ဝတ် (၅) ပါး လင်္ကာ

မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊
ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊
ငါးအင်လင်ကျင့်ရာ။

မိသားစု တစ်ခုတွင် အမျိုးသားတို့သည် အိမ်ထောင်ဦးစီးအခန်းကဏ္ဍမှ တာဝန်ယူကြရသော်လည်း မိမိက ရှာဖွေ

http://www.dhammadownload.com



လုပ်ကိုင်ကျွေးမွေးရသည်ဟု မာန်မာနမထားဘဲ ဇနီးသား မယားအပေါ်၌ ကျင့်ဝတ်ငါးဖြာနှင့်အညီ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပါမှု အိမ်ထောင်ရေး သာယာသည့် “သီရိဂေဟာ” ဖြစ်လာသည့်အပြင် မွေးဖွားလာမည့် သားသမီးရတနာတို့ မှာလည်း ဖခင်မိခင်တို့၏ အမူအကျင့်အတိုင်း သူတော် ကောင်း တရားကို သိရှိနားလည်လာကြမည့် ယဉ်ကျေး သိမ်မွေ့သော ကလေးများသာ ဖြစ်လာကြပါလိမ့်မည်။ ဤ မိသားစုမျိုးကို “သီရိဂေဟာ”ဟု အများက ချီးမွမ်းထောမနာ ပြုကြပါလိမ့်မည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၄။)

**(သာသနာရေး)**

(၉-၉-၂၀၀၆)

http://www.dhammadownload.com



## သိင်္ဂါလောဝါဒသုတ္တန်မှ

# ဇနီးမယား ကျင့်ဝတ် (၅) ပါး

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် သိင်္ဂါလောဝါဒ သုတ္တန်တွင် ခင်ပွန်းယောက်ျားတို့ ပြုကျင့်ကြရမည့် လင်ကျင့်ဝတ် (၅)ပါးရှိသကဲ့သို့ သူတော်ကောင်း ဇနီးသား မယားများကလည်း မိမိလင်သားများ အပေါ်တွင် ထားရှိကျင့်သုံးကြရမည့် ဇနီးမယားကျင့်ဝတ် (၅)ပါးတို့ကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည် -

- အိမ်တွင်းမှုကိစ္စမှန်သမျှကို ဇနီးသားမယားကောင်း ပီသစွာ ကျွမ်းကျင်နိုင်နင်းစွာ ပြုလုပ်ပေးကြရမည်၊
- မိမိ၏လင်သား ရှာဖွေပေးအပ်ထားသော ဥစ္စာပစ္စည်းကိုလည်း မပျောက်မပျက် အလေအလွင့်မရှိအောင် သေချာစွာ ထိန်းသိမ်းစောင့်ရှောက်သုံးစွဲကြရမည်၊
- မိမိလင်သားမှတစ်ပါး အခြားသော ယောက်ျားများ အပေါ်တွင် သာယာခြင်း၊ နှစ်သက်ခြင်း၊ ပျော်ရွှင်မှု ခံစားမှုများ မပြုလုပ်ကြရန်၊

http://www.dhammadownload.com



- ဥစ္စာပစ္စည်းများကို မိမိ မိသားစုအတွက် သုံးစွဲသကဲ့သို့ နှစ်ဘက်သော မိဘဆွေမျိုးများကိုလည်း သင့်တင့်လျောက်ပတ် ညီမျှအောင်ဖြန့်ဝေပေးကမ်း လှူဒါန်းကြရမည်၊
- ပျင်းရိခြင်းမရှိဘဲ မိမိလင်သား အိမ်ရာမှ မထမီစောစောထ၍ ဝတ်ကြီးဝတ်ငယ်အမှုကို ကျေပွန်အောင် ပြုစုကြရမည်။

အထက်ဖော်ပြပါ ကျင့်ဝတ် (၅)ပါးကား သူတော်ကောင်း ဇနီးမယားတို့ ပြုကျင့်ရမည့် မယားကျင့်ဝတ် (၅)ပါးတည်း။

## မယားကျင့်ဝတ် (၅) ပါး လင်္ကာ

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊
မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ၊
ပျင်းရိမမူ၊ ဝတ်ငါးဆူ၊
အိမ်သူကျင့်အပ်စွာ။

မယားဝတ္တရား ကျေပွန်ရာတွင် စံတင်လောက်သည့်ပုဂ္ဂိုလ်များဖြစ်သည့် အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလဆိုသည့်လင်သားများအပေါ် တာဝန်ကျေသည့် ဇနီးကောင်း လေးဦးအနက် ဝေဿန္တရာမင်းကြီး၏ ဇနီးမယားဖြစ်သည့် မဒ္ဒီဒေဝီ

http://www.dhammadownload.com



မိဖုရားကြီးသည် ထင်ရှားလှပေသည်။ ဝေဿန္တရာမင်းကြီး ဟိမဝန္တာအရပ်သို့ ပြည်နှင်ဒဏ်ခတ်ခံရသည့် အခါတွင် မဒ္ဒီဒေဝီမိဖုရားကြီးသည် နန်းတော်တွင် မနေရစ်ခဲ့ဘဲ ဆိုးတူကောင်းဖက် မိမိလင်သားနှင့်အတူ တောမြိုင်ရပ်သို့ အတူလိုက်ပါခဲ့ပြီး လင်သားနှင့် သားသမီးများကို ဆင်းရဲပင်ပန်းခံ၍ သစ်သီးဝလံများ ရှာဖွေကျွေးမွေးခဲ့သည်မှာ စံတင်လောက်ပါသည်။ ထို့ကြောင့်ပင် တော်ဝင်သည့် မိန်းမကောင်း မိန်းမမြတ်အဖြစ် မှတ်တမ်းတင်ခံရခြင်း ဖြစ်ပါသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၅။)

**(သာသနာရေး)**
(၁၁-၁၀-၂၀၀၆)

http://www.dhammadownload.com



သိင်္ဂါလောဝါဒသုတ္တန်မှ

# ဒါယကာ ကျင့်ဝတ် (၅) ပါး

မြတ်စွာဘုရားသည် ဒါယကာ၊ ဒါယိကာမများအား ရဟန်းသံဃာတော်များအပေါ် ယုံကြည်ကိုးစား အားထားကိုးကွယ်ရာ၌ "သဒ္ဓါလွန်၍ တဏှာကျွံသည်" ဟူသော တွယ်တာမှုလောဘကို အခြေခံသော ကိုးကွယ်ဆည်းကပ်မှုမျိုး မဖြစ်စေရန် ကိုးကွယ်ဆည်းကပ်ရန် နည်းလမ်းမှန်ကို သွန်သင်ညွှန်ပြ ဟောကြားခဲ့ပါသည်။

- ရဟန်းသံဃာတော်များအား ကိုးကွယ်ရာတွင် မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့် တရားတော်နှင့်အညီ ဆည်းကပ်ကိုးကွယ်ရမည်၊
- မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်၊
- မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်၊
- အမြဲမပြတ် လှူဒါန်းလိုသော အလောဘစိတ်ထားရှိ၍ အလှူခံပုဂ္ဂိုလ်အား တံခါးဖွင့်ကာ

http://www.dhammadownload.com



မျှော်လင့် စောင့်ဆိုင်းနေသည့် စေတနာ သဒ္ဓါ တရားမျိုး ဖြစ်ရမည်၊

- ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသော အာမိသ တို့ကို ပေးလှူခြင်းဖြင့် သံဃာတော်များကို ပြုစု စောင့်ရှောက်ကြရမည်။

သိင်္ဂါလသူကြွယ်သား ဤငါးပါးသောအကြောင်း တို့ဖြင့် အမျိုးကောင်းသားတို့သည် သာသနာတော်ကို ပြုစု စောင့်ရှောက်ကုန်လော့။

ဒါယကာကျင့်ဝတ် ငါးပါးကို မှတ်သားလွယ်ကူစေရန် အတွက် သင်္ဂဇာဆရာတော်က လင်္ကာဖွဲ့၍ ထားရှိသည်မှာ-

## ဒါယကာကျင့်ဝတ် (၅) ပါး လင်္ကာ

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊
ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊
တတ်အားလှူစေ၊ ဝတ်ငါးထွေ၊
ပြုလေ ဒါယကာ။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သာသနာတော် အဓွန့်ရှည်ရန်အတွက် သံဃာ့အဖွဲ့အစည်းကြီးကို အလေး ထား ပြုစုပျိုးထောင်ခဲ့ကြောင်း ထင်ရှားသည့် သာဓကတစ်ခု မှာ မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားအား လှူဒါန်း

http://www.dhammadownload.com



ရန် ရည်စူး၍ ရွှေကြာသက်န်းကို ကိုယ်တိုင်ရက်လုပ်ပြီး မြတ်စွာဘုရားအား ဆက်ကပ်ရန် လျှောက်ထားသည့်အခါ မြတ်စွာဘုရားက မိန့်ကြားသည်မှာ "မိထွေးတော်ဂေါတမီ ငါဘုရားအား လှူဒါန်းခြင်းထက် သံဃိက (သံဃာတော်များအား) လှူဒါန်းခြင်းက ပိုမိုအကျိုးစီးပွား ပွားများအပ်ပေသည်" ဟု မိန့်ကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် သာသနာတော်ကို အရှည်ခံ၍ တည်တံ့ရန်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို ပရိယတ္တိစာပေဖြင့် ထိန်းသိမ်းခြင်းသည် ပိုမိုအစွန့်ရှည်ကြာစေပါသည်။ ပရိယတ္တိကို ကြိုးစားအားထုတ်မည့် ပုဂ္ဂိုလ်များမှာ သံဃာတော်များ ဖြစ်ခြင်းကြောင့် သံဃာတော်များအား ဆည်းကပ်ကိုးကွယ် ချီးမြှောက်ခြင်းသည် မြတ်ဗုဒ္ဓ၏ သာသနာကို အစွန့်ရှည်ကြာအောင် ပြုစုစောင့်ရှောက်ခြင်း မည်သည့်အတွက် ကုသိုလ်တရား လွန်စွာများပြားလှပါသည်။

အချို့သော နိုင်ငံတို့တွင် ပဋိပတ္တိအကျင့်တရားအားထုတ်သူများ ရှိခဲ့သဖြင့် ရှေးယခင်က ဈာန်တန်ခိုးအဘိညာဉ်ရရှိသူ အများအပြား ရှိခဲ့သော်လည်း ပရိယတ္တိစာပေနှင့် သံဃာတော်ကို အားပေးချီးမြှောက်သူ တဖြည်း

http://www.dhammadownload.com



ဖြည်း လျော့နည်းကျဆင်းလာသဖြင့် ဗုဒ္ဓသာသနာသည် ပျောက်ကွယ်လုမတတ် မှေးမှိန်လာခဲ့ရပါသည်။

မြန်မာနိုင်ငံတွင်မူ ကိုယ်တိုင်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့် ပဋိပတ္တိအားထုတ်သော ပုဂ္ဂိုလ်များရှိသကဲ့သို့ ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ပြန့်ပွားစေရန် ရည်သန်၍ ပရိယတ္တိသာသနာတော်ကို ကြိုးပမ်းအားထုတ်နေသော သံဃာတော်များကို ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိ လှူဒါန်းပြုစုစောင့်ရှောက်ကြသော ဒါယကာ ဒါယိကာမများ ရှိနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာသည် ယခုထက်တိုင် နေလိုလလို ထွန်းလင်းတောက်ပနေခြင်း ဖြစ်ပါသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၆။)

**(သာသနာရေး)**

(၂၂-၁၀-၂၀၀၆)

http://www.dhammadownload.com



သိဂါလောဝါဒသုတ္တန်မှ

# ရဟန်းကျင့်ဝတ် (၆) ပါး

ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ ထွန်းနိုင်ရန်အတွက် သာသနာတော်ကို ပြုစုစောင့်ရှောက်သည့် ရဟန်းသံဃာတော်များ လိုအပ်သကဲ့သို့ ရဟန်းသံဃာတော်များအား ကြောင့်ကြစိုးရိမ်ခြင်းမရှိဘဲ ပရိယတ္တိစာပေ သင်ကြားလေ့လာကျက်မှတ် သာသနာပြုနိုင်ရန် ဒါယကာ၊ ဒါယိကာမတို့၏ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသည့် ပစ္စည်းလေးပါးပံ့ပိုးကူညီလှူဒါန်းမှုသည် အဓိကကျလှပါသည်။

ဤကဲ့သို့ ပစ္စည်းလေးပါး လှူဒါန်းကြကုန်သော ဒါယကာ၊ ဒါယိကာမတို့အား အကျိုးစီးပွား ကုသိုလ်တရားများ ရရှိစေရန် ရဟန်းတော်များဘက်မှ လိုက်နာစောင့်ထိန်းပြုစုစောင့်ရှောက်ရမည့် ကျင့်ဝတ်ခြောက်ပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် -

- မကောင်းမှု မပြုလုပ်မိစေရန် တရားပြ၍ တားမြစ်ကုန်ရာ၏၊
- ကောင်းမှုတရား၌ သက်ဝင်ယုံကြည်စေရန်အတွက် တရားဖြင့် လမ်းညွှန်ရာ၏၊

http://www.dhammadownload.com



- ကောင်းသော မေတ္တာစိတ်ဖြင့် ဒါယကာ၊ ဒါယိကာမတို့အား စောင့်ရှောက်ကုန်ရာ၏၊
- မကြားဖူး၊ မသိဖူးသေးသော တရားစကားများကိုလည်း ဟောကြားရာ၏၊
- ကြားဖူး၊ သိဖူးသော တရားစကားများကိုလည်း အသိအမြင် ဖြူစင်သန့်ရှင်းစေရန်အတွက် အဖန်ဖန် အထပ်ထပ် ဟောကြားရာ၏။
- နတ်ပြည်နိဗ္ဗာန်သို့ သွားရောက်မည့်ခရီးအား ညွှန်ပြကုန်ရာ၏။

ဤရဟန်းကျင့်ဝတ်ခြောက်ပါးအား မှတ်သားရလွယ်ကူစေရန်အတွက် သင်္ဂဇာဆရာတော်ကြီးက အောက်ပါလင်္ကာဖြင့် ဖွဲ့ဆိုခဲ့ပါသည် -

## ရဟန်းကျင့်ဝတ် (၆) ပါး လင်္ကာ

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လစ်၊
အသစ်ဟောကျူး၊ နာဖူးထပ်မံ၊
နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊
ရဟန်းမှု၊ ခြောက်ခုလွှန်သချာ။

မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစည်ပင်ပြန့်ပွားတည်တံ့ခိုင်မြဲနေခြင်းမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော

http://www.dhammadownload.com



တရားတော်များကို မလိုအပ်ဟူ၍ နုတ်ပယ်ခြင်းလည်း မရှိ၊ ကာလဒေသနှင့် ကိုက်ညီအောင် အကြောင်းပြ၍ ထပ်မံ ဖြည့်စွက်ခြင်းလည်း မရှိဘဲ ဗုဒ္ဓမြတ်စွာဟောကြားခဲ့သည့် အတိုင်း တိတိကျကျလိုက်နာစောင့်ထိန်းသည့် ထေရဝါဒ ဗုဒ္ဓ ဘာသာဟူသော ဘုရားဟောကြား ကျမ်းဂန်စင်စစ်များကို ရဟန်း သံဃာတော်များက တိတိကျကျလိုက်နာ စောင့်ထိန်း ခဲ့ခြင်းကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံ ၌ တည်ရှိနေခြင်း ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်ကို ပရိယတ္တိ၊ ပဋိပတ္တိတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်လေကြကုန် သော အင်အားငါးသိန်းခန့်ရှိသည့် ရဟန်းသံဃာတော် အပေါင်းကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနေကြသည့် ဒါယကာ၊ ဒါယိကာမတို့၏ သဒ္ဓါတရားသည်လည်း အံ့မခန်း နိုင်ပါပေ။

ထိုကဲ့သို့ ဒါယကာ၊ ဒါယိကာမများသည် ရဟန်း သံဃာတော်များအား ကြည်ညိုလေးစား သဒ္ဓါပွားရသည့် အကြောင်းတရားသည်ကား ဒါယကာ၊ ဒါယိကာမများ လောကဓံတရားနှင့် တွေ့ကြုံရ၍ စိတ်ဖိစီးမှုဒဏ်ခံရသော အခါ ရဟန်းတော်များက တရားရေအေး တိုက်ကျွေးခြင်းဖြင့် သောကကင်းပျောက်၍ စိတ်ချမ်းသာမှုကို ရောက်ရှိစေခဲ့ပါ

http://www.dhammadownload.com



သည်။ လောဘလွန်ကျူးသော သူကိုလည်း ဒါနပြုစေခြင်းဖြင့် လောဘကို ကန့်သတ်ပေးနိုင်ခဲ့ပါသည်။ ဒေါသကြီးသူကိုလည်း မေတ္တာဟူသော ဓမ္မတရားဖြင့် ဖြည့်ဆည်းဟန့်တားပြေပျောက်စေပါသည်။

ဤကဲ့သို့ ဒါယကာ၊ ဒါယိကာမများ၏ စိတ်လိုအပ်ချက်ကို ရဟန်းသံဃာတော်များဘက်မှ ဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် ဒါယကာ၊ ဒါယိကာမများဘက်မှလည်း ရဟန်းသံဃာ မည်မျှပင်များစေကာမူ အခက်အခဲမရှိ လှူဒါန်းထောက်ပံ့နေခြင်းစသည့် ဆရာဒကာ လက်တွဲညီစွာ သာသနာတော်ကို ပြုစုစောင့်ရှောက်နေခြင်းသည်ပင်လျှင် ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံ၍ တည်တံ့စေရန် အကြောင်းတရား ဖြစ်ပါပေသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၆။)

(သာသနာရေး)
(၂၄-၁၀-၂၀၀၆)

http://www.dhammadownload.com



# မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ

## မေတ္တာအာနိသင်

(အမှတ်စဉ်-၁)

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို အလိုရှိသူတို့အတွက် လည်းကောင်း၊ အလိုမရှိသူတို့အတွက် လည်းကောင်း၊ ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။

လူတိုင်း လူတိုင်းသည် အာနိသင်ကြီးမားလှသော မေတ္တာပွားများခြင်းကို ကောင်းစွာမှီဝဲအပ်၏။

(မိလိန္ဒပဉှာ၊ မေတ္တာဘာဝနာနိသံသ-၁၉၇။)

(သာသနာရေး)
(၂၈-၆-၂၀၀၆)

http://www.dhammadownload.com



# မေတ္တာသည် ရန်ကင်းငြိမ်း၏

(အမှတ်စဉ်-၂)

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌
မေတ္တာစိတ် အဖို့အစုရှိသည်ဖြစ်၍
တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း
မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ။
မိမိကိုယ်တိုင်လည်း အနိုင်မယူ၊
သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ။
ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော
အတွင်းရန် အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဌမတွဲ၊ မေတ္တသုတ်-၄၄၃။)

(သာသနာရေး)
(၃၀-၆-၂၀၀၆)

http://www.dhammadownload.com



# မေတ္တာ၏ အကျိုးအာနိသင်

(အမှတ်စဉ်-၃)

မမေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘ၀သမ္ပတ္တိအကျိုးပေးသန်သော ကောင်းသော ကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေကျွတောင်ဆရာတော် ဦးတိလောက

(သာသနာရေး)
(၁-၇-၂၀၀၆)

http://www.dhammadownload.com



# မေတ္တာသည် အတ္တမဟုတ်

(အမှတ်စဉ်-၄)

မေတ္တာသည် စိတ်ရှည်တတ်၏။

မေတ္တာသည် ကျေးဇူးပြုတတ်၏။

မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။

မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။

မေတ္တာသည် မာန်မာနထားခြင်းမရှိ။

မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။

မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

(သာသနာရေး)

(၃-၇-၂၀၀၆)

http://www.dhammadownload.com



# မေတ္တာသည် ဒါန, သီလ, ဘာဝနာ, ပညာ

(အမှတ်စဉ်-၅)

မေတ္တာသည် ဒါနနှင့်သီလ အပေါင်းမျှသာ မဟုတ်
မေတ္တာကိုယ်၌ပင် ဘာဝနာတစ်မျိုး ဖြစ်သည်။
ဘာဝနာ၏ ရလဒ်ကား ပညာတည်း။
ထို့ကြောင့် မေတ္တာသည် ဒါန၊ သီလ၊ ဘာဝနာ၊ ပညာ
မည်၏။

(သာသနာရေး)
(၅-၇-၂၀၀၆)

http://www.dhammadownload.com



# မေတ္တာမှန်

(အမှတ်စဉ်-၆)

မေတ္တာသည် ပါရမီဆယ်ပါးဝင် အထက်တန်း တရားမျိုး ဖြစ်သည်။

မေတ္တာမှန်အနက်မှာ-အပြစ်ကင်းစင်ပြီး ငြိမ်းချမ်းရေး၊ အေးချမ်းရေး၊ ညီညွတ်ရေး၊ ချစ်ခင်ကြည်ဖြူရေးသဘောကို ခြွင်းချက်မရှိ ဆောင်၏။

မေတ္တာမှန်သည် ကျော်သားရင်သား မခွဲခြားဘဲ ကြည်ဖြူချစ်ခင်ခြင်း၊ အနှစ်သာရရှိ၏။

မေတ္တာမှန်သည် ချမ်းမြေ့ကြည်နူးမှု ထုံမွှေး၍ မွှေးပျံ့စိုပြည်၏။

(သာသနာရေး)

(၇-၇-၂၀၀၆)

http://www.dhammadownload.com



# ဒေါသကို မေတ္တာဖြင့် ဖြေသိမ့်

(အမှတ်စဉ်-၇)

ဒေါသကို သူယုတ်တို့ မှီဝဲ၏။
မေတ္တာကို သူတော်ကောင်းတို့ မှီဝဲ၏။
မေတ္တာသည် အရှုံးပေးခြင်းမဟုတ်။
ဒေါသသည်သာ ဆုံးရှုံးခြင်းဖြစ်၏။
ဒေါသဟူသည် ထွက်စရှိလျှင် ထွက်ချင်၏။
မေတ္တာဖြင့် ဖြေသိမ့်နှိပ်ကွပ်ဖန်များလျှင်
ဒေါသသည် အပိုးသေ၍လာ၏။
ခြံခုန်တတ်သော နွားကို နှိပ်ကွပ်ဖန်များလျှင်
ခြံမခုန်တော့သကဲ့သို့ ဖြစ်၏။

(ဒေါသကထာ၊ မောင်းထောင်ဆရာတော်)

(သာသနာရေး)
(၁၀-၇-၂၀၀၆)

http://www.dhammadownload.com



# ဖမေတ္တာမိုး ရွာသွန်းဖြိုး

(အမှတ်စဉ်-၈)

မေတ္တာတရားသည် မိုးရေပေါက်တို့နှင့် တူ၏။ သတ္တဝါတို့မှာ မိုးရေ မိုးပေါက်တို့ကို အစဉ်မျှော်လင့်တောင့်တနေကြရသော သစ်ပင်ပန်းမန်တို့နှင့် အလားတူ၏။

မေတ္တာမိုး ရွာသွန်းဖြိုးမှသာ သတ္တဝါတို့သည် ကြည်လင် လန်းဆန်းရ၏။

မေတ္တာမိုး ဆိတ်သုဉ်းသောအခါ မိုးဦး၊ မိုးလယ်ကောင်းလျက် မိုးနှောင်းမကောင်းသော လယ်ယာကဲ့သို့ ဘဝဖြစ်သမျှ အချည်းနှီးသာတည်း။

(သာသနာရေး)

(၁၂-၇-၂၀၀၆)

http://www.dhammadownload.com



# မေတ္တာသည် သီတာရေစင်

(အမှတ်စဉ်-၉)

မေတ္တာတရား တည်ရှိရာ ထွန်းကားရာအရပ်များ၌
မည်သို့သော ချမ်းသာမှုမျိုးနှင့်မျှ မတူသော
ချမ်းမြေ့မှုများ ကိန်းဝပ်နေမြဲ ဖြစ်၏။
ထို့ကြောင့် သီလကို ပန်းရနံ့နှင့် နှိုင်း၏။
မေတ္တာကို သီတာရေစင်နှင့် ဥပမာပြုကြသည်။

**(သာသနာရေး)**

(၁၄-၇-၂၀၀၆)

http://www.dhammadownload.com



# လောကကို အလှဆင်နေသည့် အကြောင်းတရား (၄)ပါး

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးရ၍ ဘုရားအဖြစ်သို့ရောက်တော်မူပြီး လောကအကြောင်းကို ဆင်ခြင်သုံးသပ်ရာ လောကတွင် အကျိုးပေးကောင်းရန်အတွက် အကြောင်းတရားကောင်းဖို့ လိုကြောင်း၊ ထိုအကြောင်းတရားကောင်းများမှာ သမ္ပတ္တိစက် (၄)ပါးပင်ဖြစ်ကြောင်း ဟောကြားခဲ့ပါသည်။

ယင်းလေးပါးမှာ-

ကာလသမ္ပတ္တိ

ခေတ်အခါကောင်းနှင့် ကြုံတွေ့ရခြင်း၊

ဂတိသမ္ပတ္တိ

လူ့ဘဝ၊ နတ်ဘဝကဲ့သို့ ကောင်းသော ဂတိနှင့် ကြုံတွေ့ရခြင်း၊

ဥပဓိသမ္ပတ္တိ

ခြေလက်အင်္ဂါ ညီညာပြည့်စုံပြီး ရုပ်ရည် ရူပကာ တင့်တယ်ခြင်း၊

http://www.dhammadownload.com



ပယောဂသမ္ပတ္တိ

ကာယကံ၊ ဝစီကံ၊ မနောကံ(၃)ပါး ဖြူစင်

ကောင်းမွန်၍ အားထုတ်မှု လုံ့လရှိခြင်းတို့ ဖြစ်ပေသည်။

အကြောင်းတရား သမ္ပတ္တိ(၄)ပါး ပြည့်စုံပါလျှင် ကောင်းသော အကျိုးတရားများကို ခံစားရပါမည်။

ခေတ်အခါကောင်းနှင့် ကြုံတွေ့ကြရပြီး မျက်မှောက်ကာလ လူ့ဘဝကို ရရှိပိုင်ဆိုင်ထားကြသည့် သူတော်ကောင်းအပေါင်းတို့သည် ကောင်းသော သမ္ပတ္တိတရားလေးပါးနှင့် ပြည့်စုံအောင် အစဉ်သဖြင့် သတိတရားလက်ကိုင်ထား၍ ဒါန၊ သီလ၊ ဘာဝနာများကို အခါမလပ် ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်လော့။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ-၃၄၁။)

**(သာသနာရေး)**

(၁၅-၈-၂၀၀၆)

http://www.dhammadownload.com



# ဒါနတော ဘောဂဝါ အကြောင်း (၂) မြာ

ဗုဒ္ဓမြတ်စွာရှင်တော်ဘုရားက "ဒါနတော ဘောဂဝါ ဒါနပြုခြင်းကြောင့် ဖြစ်လေရာ ဘဝမှာ ပစ္စည်းဥစ္စာပေါများ ကြွယ်ဝ ချမ်းသာတတ်၏"ဟု ဟောကြားတော်မူခဲ့သည်။ ဒါနဟုဆိုရာ၌ ဒါနနှစ်မျိုးရှိသည်။

၁။ ဝဋ္ဋနိဿိတဒါန
သံသရာလည်ကြောင်း ဒါန

၂။ ဝိဝဋ္ဋနိဿိတဒါန
သံသရာမှ လွတ်မြောက်ကြောင်း ဒါန

ဝဋ္ဋနိဿိတဒါနဟူသော သံသရာလည်ကြောင်း ဒါနတွင် ဒါနငါးမျိုး ခွဲခြားထားပါသည်။

(က) **သဒ္ဓါဒါန**

ကံ ကံ၏ အကျိုးကို ယုံကြည်၍ အလှူခံ ပုဂ္ဂိုလ်တို့အား စိတ်ကြည်ကြည်လင်လင် ပေးလှူခြင်း၊

အကျိုးမှာ-ဖြစ်လေရာ ဘုံဘဝမှာ ဥစ္စာပစ္စည်း ပေါများကြွယ်ဝခြင်း၊ ကျားမ မရွေး ရုပ်ရည် ရူပကာ အဆင်းသဏ္ဌာန် ပြည့်စုံခြင်း၊ ရှုံ့သွပ် စိတ်နောက်ခြင်းမရှိ စိတ်ကြည်လင်ခြင်း။

http://www.dhammadownload.com



(ခ) **သက္ကစ္စဒါန**

လှူဖွယ်ဝတ္ထုကို ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ပြုပြင်၍ အလှူခံပုဂ္ဂိုလ်တို့အား ရိုရိုသေသေလှူခြင်း၊

အကျိုးမှာ-ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်း ပေါများကြွယ်ဝခြင်း၊ သားမယား၊ ကျေးကျွန်၊ အခြွေအရံတို့အပေါ် သြဇာတည်ခြင်း၊ အိမ်ထောင်စု ပျော်ရွှင် ချမ်းမြေ့စေခြင်း၊

(ဂ) **ကာလဒါန**

လှူဖွယ်ပစ္စည်းကို အချိန်ကာလနှင့်အခါအား လျော်စွာ ဖြစ်ပေါ်လာသော ဝတ္ထုပစ္စည်းဖြင့် လှူဒါန်းခြင်း၊

အကျိုးမှာ-ဖြစ်လေရာ ဘုံဘဝမှာ ဥစ္စာပစ္စည်း ပေါများကြွယ်ဝခြင်း၊ မိမိတွင် အလိုရှိသည့် အချိန်အခါ၌ မိမိအလိုရှိသော ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာများ အခါကာလကို လိုက်၍ ဖြစ်ပေါ်ရရှိစေခြင်း၊

(ဃ) **အနုဂ္ဂဟိတဒါန**

အလှူခံပုဂ္ဂိုလ်အား ချီးမြှောက်လို၍ ပုဂ္ဂလ အစွဲမထားဘဲ လှူခြင်း၊

http://www.dhammadownload.com



အကျိုးမှာ-ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်း ပေါများကြွယ်ဝပြီး စည်းစိမ်ဥစ္စာများအပေါ် သုံးဆောင်လိုစိတ်ရှိကာ သုံးဆောင်နိုင်ခြင်း၊ (ဒါနပြုရာတွင် ချီးမြှောက်လိုခြင်းမရှိဘဲ ပေါ့ပေါ့တန်တန် လှူဒါန်းပါက နောင်ဘဝတွင် ဥစ္စာပစ္စည်း ရှိသော်လည်း ကိုယ်တိုင် သုံးစွဲလိုစိတ် မရှိဟု မှတ်ယူရမည်)

(င) **အနုပဟစ္စဒါန**

မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ မငြိစွန်း မထိခိုက်စေဘဲ လှူဒါန်းခြင်း၊

အကျိုးမှာ-ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်း ပေါများကြွယ်ဝခြင်း၊ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးခြင်း၊ အမွေခံသားဆိုး သမီးဆိုးတို့ ဘေးရန်မှ ကင်းဝေးခြင်း၊

(မသန့်ရှင်းသော ဒါန- ဥပမာ ကြက်သတ်၍ လှူဒါန်းဥပုသ်ပြုလုပ်ခြင်းမျိုးသည် စည်းစိမ်ဥစ္စာရှိငြားသော်လည်း ရန်သူမျိုးငါးပါးနှင့် တွေ့ကြုံရနိုင်ကြောင်း သတိပြုရမည်)

http://www.dhammadownload.com



အထက်ဖော်ပြပါ ဝဋ္ဋနိဿိတဒါနမျိုးသည် ကောင်းကျိုးချမ်းသာကို ပေးစွမ်းသော်လည်း သံသရာလည်ကြောင်း တရားများ ပါနေသဖြင့် ပြီးပြည့်စုံသော ကောင်းမှုဒါနဟု မဆိုနိုင်ပါ။

ဝိဝဋ္ဋနိဿိတဒါနမျိုးဖြစ်သော "**ဇာတိဒုက္ခစသည် လွတ်ရာကျွတ်ရာဖြစ်သော နိဗ္ဗာန်ကို ရောက်ရပါလို၏**"ဟု သံသရာပြတ်သည့် ဒါနမျိုးသာလျှင် ဒါန အနှစ် အစစ်ဖြစ်သဖြင့် ပိုမိုမွန်မြတ်လှသည်ကို သတိနှင့်ယှဉ်၍ သူတော်စင်တို့ အလှူဒါနပြုနိုင်ကြပါသည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ-၁၅၂။)

**(သာသနာရေး)**

(၁၇-၇-၂၀၀၆)

http://www.dhammadownload.com



# မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် စကားအရာ အင်္ဂါ (၄) တန်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သတ္တဝါတို့အား လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများကို ရရှိစေရန်အတွက် ခုဒ္ဒကနိကာယ်၊ သုတ္တကနိပါတ်ပါဠိတော် သုဘာသိတသုတ်တွင် အင်္ဂါ(၄)တန်နှင့် ပြည့်စုံသော စကားအကြောင်း ဟောကြားတော်မူခဲ့ပါသည်။

သုဘာသိတ - ကောင်းသောစကားကိုသာ ပြောဆိုရာ၏။ ဆိုးရွားယုတ်မာသော စကားကို မပြောဆိုရာ။

ဓမ္မ - တရားနှင့်လျော်သော စကားကိုသာ ပြောဆိုရာ၏။ တရားမဲ့သော စကားကို မပြောဆိုရာ။

ပိယ - ချစ်ဖွယ်သော စကားကိုသာ ပြောဆိုရာ၏။ ရွံမုန်းဖွယ်ဖြစ်သော စကားကို မပြောဆိုရာ။

သစ္စ - မှန်ကန်သော စကားကိုသာ ပြောဆိုရာ၏။ ချွတ်ချော်တိမ်းပါး

http://www.dhammadownload.com



လွဲမှားသော စကားကို မပြော
ဆိုရာ။

ဤကား လူသားတို့အတွက် လောကီလောကုတ္တရာ အကျိုးနှစ်ဖြာကို ရရှိစေနိုင်သော **"စကားအရာ အင်္ဂါ(၄)တန်"** တည်း။

(သုတ္တနိပါတ်ပါဠိတော်-၃၄၄။)

**(သာသနာရေး)**
(၃-၉-၂၀၀၆)

http://www.dhammadownload.com



# မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် စကားအရာ အင်္ဂါ (၅) တန်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် လောကီဘုံသား လူအများတို့အား ကောင်းကျိုးချမ်းသာ ရရှိစေရန် ရည်ရွယ်၍ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ်တွင် "**စကားအရာ အင်္ဂါ(၅)တန်**" ရှိကြောင်း ဟောကြားတော်မူခဲ့ပါသည်-

ကာလ - ပြောသင့်သော အခါမှ ပြောရာ၏။ အချိန်မတန်လျှင် မပြောဆိုရာ။

သစ္စ - အမှန်ကိုသာ ပြောဆိုရာ၏။ မမှန်မကန် လုပ်ကြံ မပြောဆိုရာ။

သဏှ - နူးညံ့ချိုသာသော စကားကိုသာ ပြောဆိုရာ၏။ ခက်ထန်ရင့်သီးသောစကားကို မပြောဆိုရာ။

အတ္ထသံဟိတ- အကျိုးစီးပွားဖြစ်မည့် စကားကိုသာ ပြောဆိုရာ၏။ အကျိုးယုတ်စေမည့် စကားကို မပြောဆိုရာ။

http://www.dhammadownload.com



**မေတ္တာစိတ္တ** - မေတ္တာရှေ့ထား ပြောဆိုရာ၏။
ဒေါသမောင်းတင်၍ မပြော
ဆိုရာ။

ဤကား **"စကားအရာ အင်္ဂါ (၅) တန်"** တည်း။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုတိယတွဲ-၁၇၂။)

**(သာသနာရေး)**
(၅-၉-၂၀၀၆)

http://www.dhammadownload.com



# စကား (၆) ခွန်း လူ့ညွှန်ထွန်း

ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားသည့် မဇ္ဈိမပဏ္ဏာသ၊ အဘယရာဇကုမာရသုတ်လာ "စကားခြောက်ခွန်း လူ့ရှာ၌ ပြောလေ့ပြောထ ရှိခဲ့ကြသဖြင့် ထိုစကားခြောက်ခွန်း အနက် မည်သည့်စကားကို ပယ်ထိုက်သည်၊ မည်သည့်စကား ကို လူသားတို့အတွက် အသုံးပြုရန် သင့်မြတ်လှပေသည်" ဟု အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်-

### သူတစ်ပါးတို့ မနှစ်သက်သော စကား(၃)ခွန်း

- မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးတို့လည်း မနှစ်သက်သောစကား။
- ဟုတ်မှန်၊ အကျိုးမရှိ သူတစ်ပါးတို့လည်း မနှစ်သက် သော စကား။
- ဟုတ်မှန်၊ အကျိုးရှိ သူတစ်ပါးတို့လည်း မနှစ်သက် သောစကား။

### သူတစ်ပါးတို့ နှစ်သက်သော စကား(၃)ခွန်း

- မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးတို့လည်း နှစ်သက်သောစကား။
- ဟုတ်မှန်၊ အကျိုးမရှိ သူတစ်ပါးတို့လည်း နှစ်သက် သောစကား။

http://www.dhammadownload.com



- ဟုတ်မှန်၊ အကျိုးရှိ၊ သူတစ်ပါးတို့လည်း နှစ်သက်သောစကား။

ယနေ့လူသားတို့ နေ့ရှိသရွေ့ ပြောဆိုနေကြသော စကားတို့ကို ချုံ့လိုက်လျှင် စကားခြောက်မျိုး၌သာ အကျုံးဝင်လေသည်။ ဘုရားကိုယ်တော်မြတ်ကြီးတို့သည် **"ဟုတ်မှန်၊ အကျိုးရှိ၊ သူတစ်ပါးနှစ်သက်သောစကား"**နှင့် သူတစ်ပါးတို့ မနှစ်သက်သော်လည်း တစ်ခါတစ်ရံ အကျိုးကို မျှော်၍ **"ဟုတ်မှန်၊ အကျိုးရှိသော စကား"**နှစ်ခွန်းကိုသာ မိန့်ဆိုတော်မူကြသည်။ ထို့ကြောင့် **"စကားခြောက်ခွန်း လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတွယ်"**ဟု မိန့်ဆိုကြသည်။

(မဇ္ဈိမပဏ္ဏာသပါဠိတော်-၅၇။)

**(သာသနာရေး)**

(၇-၉-၂၀၀၆)

http://www.dhammadownload.com



# သူတော်ကောင်းဥစ္စာတရား (၇) ပါး

မြတ်စွာဘုရားသည် သူတော်ကောင်းဥစ္စာ တရားခုနစ်ပါးနှင့်စပ်လျဉ်း၍ အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ သံခိတ္တ ဓနသုတ်တွင် ရဟန်းတို့အား အောက်ပါအတိုင်းဟောကြားတော်မူခဲ့ပါသည်-

(၁) ယုံကြည်မှု **သဒ္ဓါ** ဟူသော ဥစ္စာ၊
(၂) စောင့်ထိန်းမှု **သီလ** ဟူသော ဥစ္စာ၊
(၃) မကောင်းသည်ကို ကျူးလွန်ရန် ရှက်တတ်မှု **ဟိရီ** ဟူသော ဥစ္စာ၊
(၄) မကောင်းသည်ကိုပြုလုပ်ရန် ကြောက်တတ်မှု **ဩတ္တပ္ပ** ဟူသော ဥစ္စာ၊
(၅) အကြားအမြင်များမှု **သုတ** ဟူသော ဥစ္စာ၊
(၆) ပေးကမ်းစွန့်ကြဲလှူဒါန်းမှု **စာဂ** ဟူသော ဥစ္စာ၊
(၇) ကောင်းမှု၊ မကောင်းမှုစသည်တို့ကို အသေးစိတ် သိတတ်သော **ပညာ** ဟူသောဥစ္စာ။

(ပါထိကဝဂ္ဂပါဠိ-၂၀၈။)

(သာသနာရေး)
(၂၆-၁၀-၂၀၀၆)

http://www.dhammadownload.com



# ကံ၏ အကျိုး

## စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။

- မိမိ၏ စိတ်စေတနာသည်သာလျှင် ကံဟူ၍ နားလည်ကြရမည်။ ဤကံကို မိမိသာ ပိုင်ဆိုင်သည်။
- ကောင်းမှုပြုက ကောင်းကျိုး ခံစားရသည်။
- မကောင်းမှုပြုက မကောင်းကျိုး ခံစားရသည်။
- ကုသိုလ်၊ အကုသိုလ်နှစ်မျိုးစလုံးသည် အဟောသိကံ (အချည်းနှီးဟူ၍ မရှိ)။
- ကုသိုလ်ကံကြောင့် ရယူရမည်ဖြစ်ပြီး အကုသိုလ်ကံကြောင့် ပေးဆပ်မှုလည်း ပြုရမည်ဖြစ်သည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုတိယတွဲ-၃၆၃။)

(သာသနာရေး)

(၂၈-၁၀-၂၀၀၆)

http://www.dhammadownload.com



# ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသောပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃။ ၁၆၉။)

(သာသနာရေး)
(၁၀-၁၀-၂၀၀၆)

http://www.dhammadownload.com



ဘုရားဟောကျမ်းလာ

# ဥစ္စာရှိကြောင်း နည်းလမ်းကောင်း

ပစ္စည်းဥစ္စာ တည်လိုပါလျှင်

- ချွေတာ
- စုဆောင်း
- မိတ်ကောင်းရှိစေ
- သုံးလေမျှတ

ဤလေးဝ မုချ ကြွယ်ဝချမ်းသာတည်း။

(သာသနာရေး)

(၁-၁၁-၂၀၀၆)

http://www.dhammadownload.com



# သစ်ပင်စိုက်ပျိုး ရရှိအကျိုး

## မဃဒေဝလင်္ကာ (၄၀၄-၅)

သစ်ပင်စိုက်ပျိုး ကုသိုလ်ယူခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်၊ ရေတွင်း၊ သစ်ပင်စသော ထာဝရ ကုသိုလ်(၆)မျိုးတွင် တစ်မျိုးအပါအဝင် ဖြစ်သကဲ့သို့ သစ်ပင် စိုက်ပျိုး ကုသိုလ်ပြုပါက အပါယ်ငရဲနှင့်လွဲဖယ်နိုင်ကြောင်းကို မဃဒေဝလင်္ကာ(၄၀၄-၅)တွင်အတိအလင်း ဖော်ညွှန်း ပြဆို ထားပေသည်။

"တစ်ဖြာထိုမှ၊ မနုဿဟု၊ ဘဝအိမ်ထောင်၊ လူတို့ ဘောင်တွင်၊ ညောင်ဗုဒ္ဓဟေ၊ စိုက်လေတမာ၊ တစ်ပင်သာနှင့်၊ စိုက်ရသသူ၊ ထိုသည့်လူကား၊ နောင်မူ အမြဲ၊ ဘဝလွဲသော်၊ ငရဲမုချ၊ မကျနိုင်ရာ၊ မချွတ်စွာဟု၊ ကျမ်းလာအမှန်၊ ဟောပြညွှန်သည်၊ ပုရာဏ်ဇောတိ သံပိုင်းတည်း"

တိရစ္ဆာန်မှစ၍ ရဟန်းရှင်လူ ခပ်သိမ်းသူတို့ အရိပ်ခိုရန် စားသုံးရန်အလို့ငှာ သစ်ပင်စိုက်လှူဒါန်းသူတို့ အတွက် အလွန်အားတက်စရာကောင်းလှပေသည်။ ထို့ကြောင့် သက်ရှိသတ္တဝါအားလုံးတို့ အရိပ်ခို စားသုံးရန်

http://www.dhammadownload.com



အလှူ့ဌာ မိမိတို့ စွမ်းအားရှိသလောက် သစ်ပင်များကို စိုက်ပျိုးသင့်ကြပေသည်။ သူတစ်ပါးတို့ စိုက်ပျိုးထားသော သစ်ပင်များကိုလည်း မဖျက်ဆီးမိကြရလေအောင် အထူးသတိပြုကြရပေမည်။ သစ်ပင်စိုက်ပျိုးမှု ဒါနဖြင့် ကုသိုလ်ယူကြရန် တိုက်တွန်းအပ်ပါသည်။

(သာသနာရေး)

(၂၀-၁-၂၀၀၇)

http://www.dhammadownload.com



# အဆင်းလှခြင်း၊ မလှခြင်း စသည့်အကြောင်းများ

အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ မလ္လိကာဒေဝီသုတ် ပါဠိ ၅၂၃၊ အဋ္ဌကထာ ၃၇၂-၌ အဆင်းလှခြင်း၊ မလှခြင်း၊ အကျိုးတရားများသည် အောက်ပါပြုမိသောကံတရားပေါ်တွင် တည်မှီ၍ ဖြစ်ပျက်တတ်ကြောင်း ဖော်ပြထားပါသည်-

- ဒေါသကြီးသူသည် အဆင်းမလှဖြစ်ရတတ်၏။
- အမျက်မထွက် သည်းခံတတ်သူသည် ရုပ်အဆင်းလှပတတ်၏။
- မလှူဒါန်း မပေးကမ်းတတ်သူသည် ဆင်းရဲတတ်၏။
- လှူဒါန်း ပေးကမ်းတတ်သူသည် ချမ်းသာတတ်၏။

ဟု ဟောကြားတော်မူသည်။

ရုပ်အဆင်းလှပတင့်တယ်၍ အခြွေအရံသင်းပင်းနှင့် ဉစ္စာပစ္စည်းပေါများလိုပါလျှင် သီလဆောက်တည်၊ သည်းခံခွင့်လွှတ် ပေးကမ်းလှူဒါန်းခြင်းဖြင့် မိမိတို့အလိုရှိသည့်ဆန္ဒပြည့်ဝကြပါစေသတည်း။

(သာသနာရေး)
(၂၂-၁-၂၀၀၇)

http://www.dhammadownload.com



# သူတော်ကောင်း ယောကျ်ားမြတ်တို့၏ လက္ခဏာ (၄)ပါး

- သူတော်ကောင်း ယောကျ်ားမြတ်သည် သူတစ်ပါး၏ ဂုဏ်မဲ့စကား မကောင်းကြောင်းကို မပြောတတ်၊ မကောင်းကြောင်းကို မေးလာလျှင်သော်မှ ထင်ထင်ရှားရှား မပြောတတ်ပေ၊ သို့ရာတွင် ပြဿနာတစ်ခုကို အကြောင်းပြုပြီး မဖြစ်မနေ မေးလာ၍ မပြောမဖြစ်သည့်အခါ ဆိုင်းဆိုင်းတွတွ အကျယ်မဖွင့်ဘဲ အမြွက်မျှသာ ပြောဆိုတတ်သည်။

  သူတစ်ပါး၏ ဂုဏ်ရှိသည့် စကားကို မမေးသော်လည်း မုဒိတာပွား၍ ထင်ရှားစွာ ပြောတတ်သည်၊၊

- မိမိအတွက်ကိုမူ ဂုဏ်တက်စကားပင်ဖြစ်စေ၊ ကြွားဝါပြောဆိုခြင်းမရှိဘဲ အရှိကို အရှိအတိုင်း အနစ်နာခံ၍ ထင်ရှားအောင်ပြောဆိုတတ်သည်။
- မိမိ၏ ဂုဏ်ကို မြင့်တက်စေရန်အတွက် သူတစ်ပါးက မေးလာသော်လည်း ဂုဏ်ယူ ဝင့်ကြွား

http://www.dhammadownload.com



စွာ ထုတ်ဖော်ပြောဆိုခြင်းမျိုးမပြုဘဲ မထင်မရှား
သာ ပြောကြားတတ်သည်။

ဤသို့ အပြုအမူမျိုးဖြင့် ပြောဆိုနေထိုင်တတ်သူများကို လောကတွင် သူတော်ကောင်း ယောကျ်ားမြတ်ဟု အသိအမှတ်ပြုကြပါသည်။

(စတုက္ကအင်္ဂုတ္တိုရ်-၃၈၉။)

(သာသနာရေး)
(၁-၂-၂၀၀၇)

http://www.dhammadownload.com



# လူတို့ ရှောင်ကြဉ်သင့်သော မကောင်းမှု (၆) ပါး

ရှောင်ကြဉ်သင့်သော တရားများတွင် ဒေါသမီးသည် ကိလေသာ ၁၀-ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သကဲ့သို့ မီး ၁၁-မီးတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအထဲတွင် လူတို့ရှောင်ကြဉ်သင့်သော အောက်ပါ မကောင်းမှုခြောက်မျိုး ကို သတိပညာနှင့်ယှဉ်၍ အမြဲတမ်းလွတ်အောင် ရှောင်ကြဉ် ကြရမည်-

- အမျက်ဒေါသကြီးခြင်း၊
- ဂုဏ်တုဂုဏ်ပြိုင်ခြင်း၊ ကျေးဇူးမဲ့ခြင်း၊
- ကောက်ကျစ်စဉ်းလဲ ဖြားယောင်းသွေးဆောင် တတ်ခြင်း၊
- မှားသောအယူ၊ မကောင်းသောဆန္ဒရှိခြင်း၊
- မနာလို ဝန်တိုခြင်း၊
- ဆင်ခြင်မဲ့ ပြုတတ်ခြင်း၊ တဇောက်ကန်း ပြုကျင့် ခြင်း၊

ဟူသည့် ဒေါသကို အခြေခံ၍ ဖြစ်ပေါ်လာတတ်သော အဆိုးတရားခြောက်ပါးကို လူလိမ္မာ သူတော်ကောင်းတို့ အမြဲမပြတ် သတိထား ရှောင်ကြဉ်အပ်ပေသည်။

http://www.dhammadownload.com



ဓမ္မပဒတွင် ကာဠီဘီလူးမကို အကြောင်းပြု၍ မြတ်စွာဘုရားက ဟောကြား တော်မူခဲ့သည်မှာ "ဤ လောက၌ ရန်တို့သည် ရန်တုံ့မူခြင်းဖြင့် ဘယ်သောအခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာ ငြိမ်းကုန်၏။ ဤသဘော သည် ရှေးရိုးစဉ်လာ တရားပင်တည်း" ဟူ၍ ဂါထာဖြင့် ဆုံးမ ဟောကြားတော်မူခဲ့ပါသည်။ သို့ဖြစ်၍ ရန်ငြိုးဖြစ်သော ဒေါသကို ထိန်းကြရပေမည်။

ဓမ္မပဒ-၂၂၂

**(သာသနာရေး)**

(၃-၂-၂၀၀၇)

http://www.dhammadownload.com



မြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၁)

## ဥစ္စာပျက်ကြောင်း တရား (၆) ပါး

- အရက်သေစာ သောက်စားမူးယစ်ခြင်း။
- (အခါမဲ့ အကြောင်းခြင်းရာမခိုင်လုံဘဲ) ညအခါ အလေအလွင့် ခရီးသွားလာခြင်း။
- ပွဲလမ်းသဘင် (ကာရာအိုကေ အပါအဝင်)ကို အလွန်အကျွံ ပျော်ပါးလိုက်စားခြင်း။
- အလောင်းအစား (ချဲ၊ နှစ်လုံးတိုက်အပါအဝင်) ဝါသနာ အလွန်အကျူး ခုံမင်စွာ ပြုလုပ်ခြင်း။
- မကောင်းသော မိတ်ဖျင်း၊ ဆွေဖျင်းများကို မိတ်ဆွေကောင်းသဖွယ် ပေါင်းသင်းဆက်ဆံ နေထိုင်ခြင်း။
- မိမိတာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်လိုစိတ်မရှိသည့်အပြင် ပျင်းရိခြင်းကို ခုံမင်မက်မော အရသာခံတတ်ခြင်း။

ဥစ္စာပျက်ကြောင်း တရား(၆)ပါးကို ဆရာတော်ဦးဇဝ်က မှတ်သားရလွယ်ကူစေရန် လင်္ကာဖြင့် စပ်ဆိုခဲ့သည်မှာ-

http://www.dhammadownload.com



"သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း" ဟူ၍ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းတရား (၆)ပါးတို့သည် လူတစ်ဦးခြင်း အနေဖြင့်သော်လည်းကောင်း၊ မိသားစု တစ်စု အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံ အနေဖြင့်သော်လည်းကောင်း၊ စီးပွားဥစ္စာပျက်စီး ဆုတ်ယုတ်ခြင်း အကြောင်းများပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ လူသိမ်၊ လူဖျင်း၊ လူညံ့များ ပေါများရာ ဒေသသည် ကြီးပွားလမ်းမမြင်သည့် မနေအပ်သော ပစ္စန္တရစ်အရပ်ပင်ဖြစ်သည်။

(သာသနာရေး)
(၅-၂-၂၀၀၇)

http://www.dhammadownload.com



မြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၂)

## အရက်သေစာ သောက်စားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အပြစ် (၆)ပါး

မြတ်စွာဘုရားရှင်သည် သိင်္ဂါလလုလင်အား အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားခြင်းဖြင့် မူးယစ်မေ့လျော့ခြင်း အကြောင်းတရားကို အခြေခံ၍ အောက်ပါ အပြစ်ခြောက်ပါး ရှိနိုင်ကြောင်း ဆုံးမဟောကြားတော်မူခဲ့ပါသည်။

- ဥစ္စာပစ္စည်း ကုန်ခမ်းဆုတ်ယုတ်ခြင်း၊
- အသိတရားဖြင့် ဆင်ခြင်နိုင်စွမ်းမရှိ၍ ခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊ (အသေးအဖွဲ့ ကိစ္စလေးကိုပင်သည်းမခံနိုင်သဖြင့် ခိုက်ရန်များခြင်း)
- အနာရောဂါ ဖြစ်ပွားတတ်ခြင်း၊ (အားအင်ယုတ်လျော့ အထွေထွေ ရောဂါဆိုးများ ဝင်ရောက်နိုင်သည်)
- အရက်သေစာ၊ မူးယစ်ဆေးဝါး သုံးစွဲသူအား မည်သူမျှ အယုံအကြည်မရှိသဖြင့် အရှိန်အဝါ ဩဇာတိက္ကမမဲ့ခြင်း။

http://www.dhammadownload.com



- အရက်သေစာ၊ မူးယစ်ဆေးဝါးကြောင့် မူးယစ်မေ့လျော့၊ မူလစိတ်များ ပျောက်ကာ စိတ်ကို မထိန်းနိုင်သဖြင့် လျှို့ဝှက်ကိစ္စများကိုပင် ပြောဆိုမိခြင်း၊
- မူးယစ်ထုံထိုင်းခြင်းကြောင့် မူလရှိပြီးသား အသိပညာများသည်ပင်လျှင် မေ့လျော့ ပျောက်ကွယ်သွားတတ်ခြင်း။

ဟူသည့် အပြစ်ခြောက်ပါးတို့သည် လူသားတို့အတွက် မကောင်းကျိုးတရားများကို ဖော်ဆောင်နိုင်သောကြောင့် အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားခြင်းကို ရှောင်ကြဉ်အပ်ပေသည်။

သေရည်သေရက်၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် အပြစ်ခြောက်ပါးကို ဆရာတော်ဦးဗုဓ်က မှတ်သားရလွယ်ကူစေရန်အတွက် လင်္ကာဖွဲ့၍ စပ်ဆိုခဲ့ပါသည်။

**"ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားမူးယစ် အပြစ်တည်း။"**

(ပါထိကဝဂ္ဂပါဠိ-၁၄၈။)

**(သာသနာရေး)**

(၈-၁၂-၂၀၀၆)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာ၏ ဒေသနာကျမ်းဂန်တော်မှ
ဂီဟိဝိနယဆုံးမစာ အမှတ်စဉ် (၃)

# အခါမဲ့သွားလာခြင်း အပြစ် (၆) ပါး

မြတ်စွာဘုရားရှင်သည် သိင်္ဂါလလုလင်အား အခါမဲ့ (ညဥ့်နက်သန်းခေါင်) အကြောင်းမဲ့ သွားလာခြင်းဖြင့် အောက်ပါ အပြစ်(၆)ပါး ရရှိနိုင်ကြောင်း ဟောကြားခဲ့ပါသည်-

- အခါမဲ့ အပျော်အပါး ညဥ့်နက်သန်းခေါင် သွားလာသူအတွက် သူ့ကိုယ်သူပင် ကာကွယ်နိုင်စွမ်းမရှိ (အကာကွယ်မဲ့နိုင်သည်)။
- ထိုသူ၏အိမ်တွင် ကျန်ရစ်ခဲ့သောဇနီး၊ သားမယားအတွက်လည်း အစောင့်အရှောက်ကင်း (အကာကွယ်မဲ့နိုင်ပါသည်)။
- ထိုသူ၏ ဥစ္စာပစ္စည်းသည်လည်း အကာအကွယ် အစောင့်အရှောက်မဲ့သွားနိုင်သဖြင့် သူခိုးသူဝှက် အန္တရာယ် ကျရောက်လာနိုင်သည်။
- ထိုသူသည် ညဥ့်နက်သန်းခေါင် စည်းကမ်းမရှိ သွားလာနေခြင်းဖြင့် (သူတစ်ပါးပြုသော) မကောင်းမှုတို့၌ (ထိုသူပြုမည်ဟု) ယုံမှားသံသယ ခံရတတ်သည်။

http://www.dhammadownload.com



- ထိုသူ၌ မဟုတ်မမှန် စွပ်စွဲသော စကားလည်း ကျရောက်တတ်သည်။
- ဘဝပျက်ရာပျက်ကြောင်း ဆင်းရဲခြင်း အကြောင်း တရားတို့၏ ရှေ့ပြေးနိမိတ်လည်း ဖြစ်သည်။

ဆရာတော်ဦးဗုဓ်က အခါမဲ့သွားလာခြင်း အပြစ်(၆) ပါးကို မှတ်သားဖွယ်ရာ လင်္ကာဖွဲ့၍ စပ်ဆိုခဲ့သည်မှာ-

"ကိုယ့်သားမယား၊ တစ်ခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရွံ့ရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစု၊ ခြောက်ခုခါမဲ့ သွားပြစ်တည်း။"

ဤခေတ်လူငယ်လူရွယ်များ ညဥ့်နက်သန်းခေါင် အပျော်အပါး လိုက်စားသွားလာခြင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည့်အပြင် ထိုလူငယ်လူရွယ်များ၏ ဘဝပျက်စီးကြောင်း ရှေ့ပြေးနိမိတ်ဖြစ်နေသဖြင့် မိဘများက တရားနှင့် ယှဉ်၍ ဆုံးမသွန်သင်သင့်အပ်လှပေသည်။

(ပါထိကဝဂ္ဂပါဠိ-၁၄၈။)

(သာသနာရေး)
၁၀-၁၂-၂၀၀၆)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၄)

## ပျင်းရိခြင်း အပြစ် (၆) ပါး

မြတ်စွာဘုရားရှင်သည် သိင်္ဂါလလုလင်အား ပျင်းရိလေ့ရှိခြင်း၌လည်း အပြစ် (၆) ပါး ရှိကုန်၏ဟု ဟောကြားခဲ့ပါသည်။

- အေးလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲ နေခြင်း၊
- ပူလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲ နေခြင်း၊
- မိုးချုပ်လွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲ နေခြင်း၊
- စောလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲ နေခြင်း၊
- ဆာလွန်းသည်ဟု အမှုကိစ္စကို မပြုသေးဘဲ နေခြင်း၊
- ပြည့်အင့်သည်ဟု အမှုကိစ္စကို မပြုသေးဘဲ နေခြင်း၊

ပျင်းရိခြင်း(၆)ပါးကို မှတ်သားရလွယ်ကူစေရန် ဆရာတော်ဦးဗုဓ်က လင်္ကာဖွဲ့၍ စပ်ဆိုခဲ့သည်မှာ-

**"အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်
လှမော၊ စောလွန်းလှရောင်၊ ဆာလောင်ပြင်းပြ၊
ဝမ်းဝလွန်းထွေ၊ နေကပညာ၊ မပွားရာသည်၊
ခြောက်ဖြာပျင်းသူ အပြစ်တည်း။"**

http://www.dhammadownload.com



ဤသို့ မခိုင်လုံသော ကိစ္စများကို ယိုးမယ်ဖွဲ့၍ နေသော ထိုသူအား မဖြစ်သေးသော စည်းစိမ်တို့လည်း မဖြစ်ကုန်, ဖြစ်ပြီးသော စည်းစိမ်တို့လည်း ပျက်စီးခြင်းထိ ရောက်ကုန်၏။

ဤပျင်းရိခြင်း (၆)ပါးရှိသောသူသည် အဘယ်မှာ ကြီးပွားချမ်းသာ ရအံ့နည်း။ ထိုပျင်းရိခြင်းနှင့် တွဲဖက်ရှိကုန်သော လူများရှိသည့် မိသားစု၌လည်းကောင်း၊ ပျင်းရိသည့် လူထုရှိသော နိုင်ငံသည်လည်းကောင်း အဘယ်မှာလျှင် ကြီးပွားနိုင်အံ့နည်း။

(ပါထိကဝဂ္ဂပါဠိ-၁၄၉)

**(သာသနာရေး)**

(၁၆-၁၂-၂၀၀၆)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာ၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၅)

## လောင်းကစားခြင်း အပြစ် (၆) ပါး

မြတ်စွာဘုရားရှင်သည် သိင်္ဂါလလုလင်အား မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်းသည် အပြစ်(၆) ပါး ရှိကုန်၏ဟု ဟောကြားခဲ့ပါသည်။

- မိမိနိုင်သော် ရန်များ၏။
- မိမိရှုံးသော်မူ ဥစ္စာအတွက် ပူပန်ရ၏။
- ကိုယ်တွေ့မျက်မြင် ဥစ္စာဆုတ်ယုတ်၏။
- တရားရုံးများ၌ အရေးကြုံ၍ သက်သေလိုက်ရပါက ထိုသူ၏ စကားကို အတည်မယူကြပါ။
- အဆွေခင်ပွန်းတို့သည် မထီမဲ့မြင်ပြုအပ်၏။
- "ဤသူသည် ကစားသမားတည်း၊ မယားကို ကျွေးမွေးရန် မစွမ်းနိုင်"ဟု သမီးပေး သားယူ ပြုလိုကြကုန်သော သူတို့သည် အလိုမရှိအပ်။

လောင်းကစားခြင်း အပြစ်(၆)ပါးကို မှတ်သားရ လွယ်ကူစေရန် ဆရာတော် ဦးဗုဓ်က လင်္ကာဖွဲ့၍ စပ်ဆိုခဲ့သည်မှာ-

http://www.dhammadownload.com



"အောင်သူ့ရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤ (၆)ပါးကား၊ ပျော်ပါးကြွေအန် အပြစ်တည်း။

ထို့ကြောင့် လောင်းကစားသည် မိမိဆောင်ရွက်ရန်ရှိသည့် ကောင်းမှုများကို မေ့လျော့ပျက်စီးစေသည့် ဘဝပျက်ရာ ပျက်ကြောင်းအတွက် ရှေ့ပြေးနိမိတ်ပင် ဖြစ်သောကြောင့် လောင်းကစားမှုကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အလေ့အကျင့် အလေ့အထ ဝါသနာ မထုံအပ်ကုန်။

(ပါထိကဝဂ္ဂပါဠိ-၁၄၉။)

(သာသနာရေး)

(၂၀-၁၂-၂၀၀၆)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၆)

# အကြီးအကဲကျင့်ဝတ် (၆) ပါး

အကြီးအကဲဖြစ်မည့်သူများနှင့်အကြီးအကဲအဖြစ် ဦးဆောင်သူများသည် အနည်းဆုံး အောက်ပါ နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံရန် လိုအပ်ပါသည်-

- ထထကြွကြွ လုံ့လဝီရိယရှိခြင်း၊
- အမြဲတမ်းသတိဖြင့် နိုးကြားတက်ကြွခြင်း၊
- သနားကြင်နာစိတ်ရှိခြင်း၊
- သည်းခံခွင့်လွှတ်လိုစိတ်ရှိခြင်း၊
- ပစ္စည်းပစ္စယကို အောက်လက်ငယ်သားတို့အား မျှတစွာ ခွဲဝေသုံးစွဲစေခြင်း၊
- အလျင်စလို ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ အကြောင်းခြင်းရာမျိုးစုံကို ထောက်ရှုဆောင်ရွက် တတ်ခြင်း-

ဟူသည့် နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသူတို့သည် မိမိတို့ ရှိရာ ပတ်ဝန်းကျင်အလိုက် အကြီးအကဲများအဖြစ် ဆောင် ရွက်ကြရပါသည်။

http://www.dhammadownload.com



(နာယကဂုဏ်ခြောက်ပါးဟု ဆိုသော်ငြားလည်း ထို မခြောက်ပါးထက် အဆ ရာထောင်မက ပြည့်စုံလုံလောက် အောင် သိရှိနားလည်မည်ဆိုပါက ပိုမိုကောင်းမွန်ပါသည်။)

**ထကြွနိုးကြား သနား, သည်းခံ, ဝေဖန်ထောက်ရှု ဤခြောက်ခုကား ကြီးသူကျင့်ရာ တရားတည်း။**

ရပ်ကွက်အဆင့်မှ မြို့ပြနိုင်ငံအဆင့်ဆင့်အထိ အုပ်ချုပ်ကွပ်ကဲ တာဝန်ယူ ဆောင်ရွက်ကြရသော ပုဂ္ဂိုလ် များသည် နာယကဂုဏ်ခြောက်ပါးနှင့်အညီ စီမံကွပ်ကဲ အုပ်ချုပ်သွားမည်ဆိုပါက ထိုရပ်ကွက်၊ ထိုမြို့ရွာ၊ ထိုနိုင်ငံ တို့သည် အတိုင်းမသိ စည်ပင်ဝပြော သာယာသော ဒေသ များသာ ဖြစ်ကြမည်မှာ မလွဲပါပေ။

(လောကနီတိ၊ ရာဇကဏ္ဍ၊ ဂါထာ-၈။)

**(သာသနာရေး)**

(၁၆-၁-၂၀၀၇)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၇)

# ကိုယ်ကျိုးသာငဲ့သော အဆွေခင်ပွန်းတု (၄) ယောက်

လောကတွင် မိတ်ဆွေကောင်း မိတ်ဆွေစစ်များ ရှိသကဲ့သို့ မိမိအကျိုးကိုသာ မျှော်ကိုး၍ ပေါင်းသင်းတတ်သော မိတ်ဆွေတု၊ မိတ်ဆွေယောင်များလည်း ရှိတတ်ပါသည်။ ထိုမိတ်ဆွေတုများအနက် အောက်ဖော်ပြပါ မိတ်ဆွေတု (၄)မျိုးသည် လွန်စွာ သတိထား ပေါင်းသင်းရမည့် ပုဂ္ဂိုလ်များ ဖြစ်ပါသည်-

- မိမိထံသို့ လာသောအခါတွင် လက်ချည်းသက်သက်သာလာ၍ မိမိထံမှ ပြန်သောအခါဝယ် ဥစ္စာပစ္စည်းများများကို တောင်းရမ်းရယူသွားတတ်သောသူ၊
- သူပိုင် ပစ္စည်းလက်ဆောင် အနည်းငယ်ကိုသာ ပေးပြီး မိမိထံမှ ပစ္စည်းအများအပြားကို ပြန်လည် ရယူသွားတတ်သောသူ၊
- ၎င်း ဘေးဒုက္ခရောက်သည့်အခါတွင် မိမိထံသို့ အားမနာတမ်းချဉ်းကပ် (အပူကပ်) ပြောဆိုတတ်သော်

http://www.dhammadownload.com



လည်း မိမိဘေးဒုက္ခရောက်သည့်အခါတွင် မသိဟန်ဆောင်၍ ရှောင်ထွက်သွားတတ်သောသူ၊

ကိုယ်ကျိုးစီးပွားကိုသာကြည့်၍ လာရောက်မှီခိုပေါင်းသင်းတတ်သောသူ၊

ဤလေးမျိုးတို့သည် လောကတွင် မပေါင်းသင်းအပ်သော မိတ်ဆွေတု မိတ်ဆွေယောင်များကိုသာ ဖြစ်ပါသည်။

**"လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ် ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိအကျိုးငှာ၊ မှီလာပေါင်းယှဉ်၊ လေးယောက်စဉ်ကား၊ အညဒတ္ထုဟာရတည်း"**

လောက၏ ဆိုရိုးစကားရှိသည့်အတိုင်း နှုတ်ဖြင့်မြှောက်၍ ပေါင်းစားတတ်သည့် မိတ်ဆွေတု မိတ်ဆွေယောင်များကို ရှောင်ကွင်းနိုင်ခြင်းသည် လောကတွင် ကြီးပွားတိုးတက်ရာ လမ်းကြောင်းတစ်ခု အပါအဝင် ဖြစ်ပါသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၁။)

(သာသနာရေး)
(၁၈-၁-၂၀၀၇)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၈)

# ချစ်ဖွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းတု (၄) ယောက်

ချစ်ဟန်ဆောင်သောသူသည် မုန်းဟန်ပြသူထက်ပင် ကြောက်မက်ဖွယ်ကောင်းသော အဆွေခင်ပွန်းတု ဖြစ်ပါသည်။ ထိုအဆွေခင်ပွန်းတုမျိုးသည်-

- မိမိမသိနားမလည်၍ မကောင်းမှု လမ်းမှားကို လွဲမှားစွာ ပြုလုပ်နေသည်ကိုပင် ကောင်းပါသည်ဟု ပြောဆိုတတ်သူ၊
- မကောင်းသော အမှုကို မိမိမသိနားမလည်၍ ပြုလုပ်ရန် ကြံရွယ်တိုင်ပင်လျှင်လည်း ၎င်းအနေဖြင့် ဆင်ခြင်သုံးသပ် တားမြစ်ခြင်းမရှိ၊ ခွင့်ပြု အားပေးတတ်သူ၊
- မကောင်းမှုပြုလုပ်သည်ကို ကောင်းမှုပြုလုပ်သယောင် ဖုံးကွယ်ပြီး ရှေ့တွင် ချီးမွမ်းစကား ပြောဆိုတတ်သူ၊
- ရှေ့တွင် ချီးမွမ်းထားသော မကောင်းမှုမျိုးကို မျက်ကွယ်ရောက်မှ ကဲ့ရဲ့ပြောဆိုတတ်သူ၊

http://www.dhammadownload.com



ဤသူလေးဦးတို့သည် လောကတွင် ရှောင်ရှားရမည့် မပေါင်းအပ်သူ လေးဦးတို့ပင် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ရန်သူကို ရန်သူဟု မြင်၍ ရှောင်ကြဉ်ရ လွယ်ကူသော်လည်း အထက်ဖော်ပြပါ မိတ်ဆွေတုများကို သိရှိနားလည် ရှောင်ကြဉ်ရန် ခက်ခဲသဖြင့် ရန်သူထက်ပင် ကြောက်စရာကောင်းသူများ ဖြစ်ပါသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၁။)

**(သာသနာရေး)**

(၁၈-၁-၂၀၀၇)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၉)

# ဖကျေးဇူးရှက်ဆောင်သော
# အဆွေခင်ပွန်းစစ် (၄) ယောက်

မိမိ၏ကျေးဇူးကို ဆောင်ရွက်လိုသော အဆွေခင်ပွန်းစစ်တို့မှာ အောက်ပါ အရည်အချင်းနှင့် ပြည့်စုံသူများသာလျှင် ဖြစ်ပါသည်-

- မိမိက ကောင်းမှုကုသိုလ်ဆောင်ရွက်ရန် မေ့လျော့နေလျှင်ပင် သတိပေး၍ ကောင်းမှုကုသိုလ် ဆောင်ရွက်စေတတ်သူ၊
- မိမိဥစ္စာကိုပင် သူပိုင်ပစ္စည်းကဲ့သို့ အလေအလွင့် ပျက်စီးခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက် ကူညီပေးတတ်သူ၊
- မိမိတွင် ကံမကောင်း အကြောင်းမလှ၍ ဘေးဒုက္ခတွေကြုံရသည့်အခါ၌ အားကိုးစရာတစ်ခု အနေဖြင့် ကူညီစောင့်ရှောက် ဖေးမအားပေးတတ်သူ၊
- မိမိတွင် ပြုဖွယ်ကိစ္စများရှိ၍ ငွေကြေးဥစ္စာ လိုအပ်သည့်အခါ၌ မိမိအလိုရှိသော အတိုင်းအတာထက်

http://www.dhammadownload.com



သာလွန်၍ နှစ်ဆမျှလောက် ပေးကမ်းချေးငှား
တတ်သူ၊

"မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊
ဘေးရောက်ကိုးကွယ်၊ ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊
ချေးပေးလာသည်၊ လေးဖြာဥပကာရတည်း"

အထက်ပါ အရည်အချင်းနှင့် ပြည့်စုံသူများသည် ကျေးဇူးဆောင်ရွက်တတ်သော အဆွေခင်ပွန်းစစ်များ ဖြစ်သည့်အတွက် အမြဲမပြတ် ချဉ်းကပ်ပေါင်းသင်းထိုက်သူများ ဖြစ်ပါသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၂။)

(သာသနာရေး)
(၂၄-၁-၂၀၀၇)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယဆုံးမစာ အမှတ်စဉ် (၁၀)

# ဆင်းရဲမကွာ၊ ချမ်းသာမပစ်သော အဆွေခင်ပွန်းစစ် (၄) ယောက်

မိမိဆင်းရဲသည့်အခါတွင်ပင် ခွဲခွာသွားခြင်းမရှိဘဲ သူချမ်းသာသည့်အခါတွင်လည်း မိမိအား ပစ်မပြေးသော အဆွေခင်ပွန်းစစ်တို့မည်သည် အောက်ပါအတိုင်း ကျင့်ကြံသူများ ဖြစ်ပါသည်-

- မိမိအတွက် လျှို့ဝှက်စကားကို သူကြားသော်လည်း သူတစ်ပါးမသိအောင် မိမိကဲ့သို့ လျှို့ဝှက်ထိန်းသိမ်းပေးသူ၊
- မိမိဘေးအန္တရာယ်နှင့် တွေ့သည့်အခါ မိမိအားထား၍ စွန့်ပစ်မပြေးသူ၊
- မိမိအပေါ်တွင် မတွန့်မတို ပေးကမ်းကူညီသူ၊
- မိမိအန္တရာယ်နှင့် တွေ့ကြုံသည့်အခါတွင် လိုအပ်ပါက သူ့အသက်ကိုပင် စွန့်၍ ကယ်တင်ဆောင်ရွက်ပေးသူ၊

http://www.dhammadownload.com



"လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူလျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ ဤ(၄)ယောက်ကား၊ မျှလောက်ချမ်းသာ၊ ဆင်းရဲတည်း။

အထက်ဖော်ပြပါ အဆွေခင်ပွန်းစစ်များသည် ဆင်းရဲမကွာ၊ ချမ်းသာအတူ၊ အမြဲရှိနေသင့်သူများသာ ဖြစ်ပါသည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၂။)

(သာသနာရေး)
(၂၆-၁-၂၀၀၇)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂီဟိဝိနယဆုံးမစာ အမှတ်စဉ် (၁၁)

# အကျိုးစီးပွားကို ပြောတတ်သော အဆွေခင်ပွန်းစစ် (၄) ယောက်

လောကတွင် သူတစ်ထူး၏ ကောင်းကျိုးကို လိုလားတတ်သော အဆွေခင်ပွန်းကောင်းများ အများအပြားလည်း ရှိနိုင်ပါသည်။ ထိုအထဲတွင် သူတစ်ပါး၏ ကောင်းသောသတင်းနှင့် အကျိုးစီးပွားကိုသာ ရည်ရွယ်ပြောဆိုတတ်သော အဆွေခင်ပွန်းစစ် လေးယောက်ကို ထုတ်ဖော်ပြသရပါမူ-

- မကောင်းသောအမှုကို မပြုမိစေရန် စေတနာဖြင့် တားမြစ်ပေးသူ၊
- ကောင်းသောအမှုကိုသာ ပြုလုပ်တတ်စေရန် ကူညီဖေးမအားပေးတိုက်တွန်းတတ်သူ၊
- မကောင်းသော သတင်းဆိုးများကို ပြောကြားခြင်းမရှိဘဲ ကောင်းသော သတင်းများကိုသာ သူတစ်ပါးဝမ်းသာအောင် အကြောင်းကြားလာတတ်သူ၊
- ထက်ဘုံနတ်ရွာသို့သွားမည့် လမ်းကောင်းလမ်းမြတ်ကိုသာ ညွှန်ပြတတ်သူ၊

http://www.dhammadownload.com



ဤလေးဦးသော ပုဂ္ဂိုလ်မျိုးသည် မိမိအတွက် ပေါင်းသင်းအပ်၊ ပေါင်းသင်းထိုက်သော မိတ်ဆွေစစ် မိတ်ဆွေမှန်များသာ ဖြစ်ပါသည်။

**"မကောင်းမြစ်ထား၊ ကောင်းရာသွင်းထား၊ မကြားစတောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား၊ မည်ရအတ္ထက္ခာယီတည်း။**

(ပါထိကဝဂ္ဂပါဠိ-၁၅၃။)

**(သာသနာရေး)**

(၂၈-၁-၂၀၀၇)

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်မှ
ဂိဟိဝိနယ ဆုံးမစာ အမှတ်စဉ် (၁၂)

# ပျက်စီးလွယ်သောသူ (၄) ယောက်

လောကတွင် လူကောင်းများရှိသကဲ့သို့ လူညံ့၊ လူဖျင်း၊ လူပျင်းများလည်း ရှိတတ်ပါသည်။ ထိုလူအမျိုးအစားများမှာ -

- အရက်သေစာကို စွဲစွဲလမ်းလမ်း အလွန်အကျွံ သောက်တတ်ခြင်း၊ (ကျန်းမာရေးနှင့် လူမှုရေးအရ အကြောင်းအကျိုး ခိုင်လုံစွာ အနည်းအပါး သောက်သုံးရသည်ကို မဆိုလိုပါ)
- အကြောင်းအကျိုး ခိုင်လုံမှုမရှိဘဲ ညဉ့်နက်သန်းခေါင် အလေအလွင့် လှုပ်ရှားသွားလာတတ်သူ၊
- ပွဲလမ်းသဘင်ကို အလွန်အကျွံ ခုံမင်တွယ်တာကာ ရှုစားတတ်သူ၊ (တစ်ခါတစ်ရံ စိတ်အပန်းဖြေရန် ကြည့်ရှုခံစားခြင်းကို အပြစ်မဆိုနိုင်ပါ)
- လောင်းကစားမှုကို တစ်စိုက်မတ်မတ် စွဲလမ်းဆောင်ရွက်တတ်သူ။ (လောင်းကစားဟူသည် နည်းသည်များသည်မဟူ ဘာတစ်ခုမျှ အကျိုးမပြုနိုင်ပါ)

http://www.dhammadownload.com



**"သောက်ထုပ်သေရက်၊ ညဉ့်နက်လမ်းသွား၊**
**ရှူစားသဘင်၊ ပျော်ရွှင်အနန်စာ၊ လေးရပ်မှာပင်၊**
**တကွထင်သည်၊ လေးအင်ပါယ်သဟဲတည်း"**

မိဘများသည် မိမိတို့သားသမီးများအား အထက်ဖော်ပြပါ လူပေါ့ လူပျက် အမျိုးအစားများထဲတွင် ပါမသွားအောင် သွန်သင်ဆုံးမကြရန် လိုအပ်သည်။ လူငယ်အပေါင်းတို့သည်လည်း မိမိတို့ကိုယ်တိုင် လူပေါ့ လူပျက်၊ လူညံ့များမဖြစ်ရလေအောင် မိမိကိုယ်ကို မိမိ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရပေမည်။ သို့မှသာ နိုင်ငံ့သားကောင်းများပေါများပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်မည်ဖြစ်သည်။

(ပါထိကဝဂ္ဂပါဠိ-၁၅၂။)

**(သာသနာရေး)**

(၃၀-၁-၂၀၀၇)

http://www.dhammadownload.com



# မြန်မာတို့၏ ဆိုရိုးစကား

## စကားကြီး (၁၀)မျိုး

မြန်မာတို့သည် မြန်မာစကား၊ မြန်မာစာပေဟူ၍ အခိုင်အမာသမိုင်းရှိသော လူမျိုးဟာမ်မျိုးဖြစ်သည့် အားလျော်စွာ မြန်မာတို့သုံးသော စကားလုံးများသည် လွန်စွာမှပင် ပေါများကြွယ်ဝ အဓိပ္ပာယ်လေးနက်လှပါသည်။

သံခင်း၊ တမန်ခင်း ပြောဆိုခြင်းများမှအစ လူမှုရေးနယ်ပယ်အတွင်း မိမိဆောင်ရွက်ကြသည့် ကိစ္စများအပေါ်မူတည်၍ ဥပမာ ဥပမေယျများဖြင့် ပြောဆိုတတ်ကြပါသည်။

စကားပြောဆိုရာ၌ ကျွမ်းကျင်လိမ္မာစေရန် စကားပြောနည်းဆယ်မျိုးကို ခွဲခြားသတ်မှတ်ထားသည်။ မြန်မာလူမျိုးတို့က စကားကြီး (၁၀)မျိုးဟု ခေါ်ဆိုကြသည်။ ယင်းစကားကြီး (၁၀)မျိုး၏ အမည်ကို မုန်တိုင်ပင် ဆရာတော်က မှတ်သားရလွယ်ကူစေရန် သုံးပုံတံချုံကျမ်း၌ အောက်ပါအတိုင်း လင်္ကာစီထားပါသည် -

- ရေကူးညာတင်
- ကောက်ပင်ရိတ်လှီး
- ရေစီးဖောင်ဆန်

http://www.dhammadownload.com



- အိုးတန်ဆန်ခတ်
- ဆီပွတ်ကျည်ပွေ့
- ဆင်ငှေ့ရန်ရှောင်
- တောင်သူယာခုတ်
- ကြက်ဆုတ်ခွပ်ပစ်
- ရေစစ်သည့်အင်
- ခက်တင်မောင်းနှင်း

အခြင်းဆယ်ပါး၊ ဤစကားကို၊ မှတ်သားဝမ်းတွင်း လေ့စေမင်း။

## ရေကူးညာတင် စကားပြောနည်း (စကားကြီး ၁၀-မျိုးမှ)

မြစ်တစ်ဘက်မှ လိုရာဘက်ကမ်းသို့ ကူးလိုလျှင် မြစ်ညာမှစတင်၍ကူးမှ လိုရာသို့ စတင်၍ ရောက်သကဲ့သို့ မိမိ အလိုရှိရာသို့ရောက်အောင် အထက်က တင်ကူးပြောဆိုခြင်းသည် **“ရေကူးညာတင်စကားပြောနည်း”**မည်၏။

ရေကူးညာတင်စကားပြောနည်းဖြင့် ပြောဆိုခဲ့သည့် ပုံပြင်ထုံးတစ်ခုကို သာကေပြု၍ ပြောဆိုရပါလျှင် တစ်ခါက သူဌေးသားတစ်ဦးသည် ဝမ်းတွင်း၌ အူထုံးဖွဲ့နေရာ သမား

http://www.dhammadownload.com



တော် ဇီဝကသည် ရက်သတ္တပတ် တစ်ပတ်မျှ ကုသလျှင် ပျောက်နိုင်မည်ဟု ရည်ရွယ်သိသော်လည်း သူဌေးသား ကြောက်ရွံ့ ငြင်းဆန်မည်ဖြစ်၍ ကုသရန် မလွယ်ကြောင်း ဥပါယ်တံမျဉ်ဖြင့် ခုနစ်လအိပ်သော်မှ ကုနိုင်မည်ဟု ပြောဆိုခဲ့ပြီးနောက် အလီလီနှိမ်ချ၍ ငါးလ၊ သုံးလ၊ တစ်လ အချိန် အိပ်ရမည်ဟု အချိန်တောင်းဆိုခဲ့သည်။ နောက်ဆုံး အမှန်တကယ် အချိန်ကုန်မည့် ရက်သတ္တ တစ်ပတ်ကို အိပ်ရာထဲတွင် နေပါမည်ဟု သူဌေးသားက သဘောတူ လိုက်လျောခဲ့ရာ ခုနစ်ရက်အိပ်ပျော်စေပြီး ထုံးနေသော အူကို လွယ်ကူစွာ ဖြေရှင်းကာ မူလအတိုင်း သွတ်သွင်း၍ ခွဲစိတ်မှုအရာ ပြီးမြောက်စေခဲ့ပါသည်။ ဤကဲ့သို့ မိမိလိုရာ နောက်ဆုံး ရောက်အောင် ကြိုတင်၍ အလီလီ ပြောဆိုခြင်းကို **"ရေကူး ညာတင်စကားပြောနည်း"**ဟု မှတ်သားကြပါသည်။

**(သာသနာရေး)**

(၂၃-၉-၂၀၀၆)

http://www.dhammadownload.com



# ကောက်ပင်ရိတ်လှီး စကားပြောနည်း
# (စကားကြီး ၁၀-မျိုးမှ)

စပါးရိတ်လျှင် ကောက်ပင်ကို လက်တစ်ဖက်ဖြင့် ဆုပ်သိမ်းကာ တံစဉ်ဖြင့် အရင်းမှဖြတ်၍ ရိတ်ယူသကဲ့သို့ တစ်ဖက်လူ၏စကားကို သိမ်းကျုံးဖမ်းယူပြီးမှ အရင်းကဖြတ်၍ ပိုင်လောက်အောင် ပြောဆိုခြင်းသည် **"ကောက်ပင်ရိတ်လှီး စကားပြောနည်း"**မည်၏

ကောက်ပင်ရိတ်လှီး စကားပြောနည်းကို သာကေအနေဖြင့် ပုံပြင်တစ်ခု ဆိုစမှတ်ပြုခဲ့သည်မှာ ရှေးအခါက ဥစ္စာပစ္စည်း ပေါကြွယ်ဝသည့် သူဌေးသားတစ်ဦးသည် မြားပစ်ရာဝယ် လွန်စွာကျွမ်းကျင်လှပါသည်။ တစ်ခါက သူဌေးသားသည် ဗျိုင်းငှက်တစ်ကောင်ကို အလွယ်တကူ ပစ်ယူရရှိခဲ့ရာ ဗျိုင်းငှက်၏အနီး မလှမ်းမကမ်းတွင် ရှိနေသူတစ်ဦးက အကြံအဖန် အမြတ်ထုတ်လိုသဖြင့် သူဌေးသား ပစ်လိုက်သော ဗျိုင်းငှက်သည် ၎င်း၏ ဗျိုင်းငှက်ဖြစ်ကြောင်း၊ ထိုဗျိုင်းငှက်သည် နေ့စဉ်နေ့တိုင်း ရွှေစင်တစ်ကျပ်သားချီ၍ ၎င်းအား ပေးအပ်ကြောင်း အလျော်ရရေး စကားဆိုလေ၏။ ထိုအခါ သူဌေးသားက သင်၏ ဗျိုင်းငှက်သည် ယခုကဲ့သို့ နေ့စဉ် ရွှေစင်တစ်ကျပ်သား ချီ၍ ပေးအပ်ခဲ့သည်မှာ အချိန်

http://www.dhammadownload.com



မည်မျှ ကြာနေပြီနည်းဟု မေးသည့်အခါ ဗျိုင်းရှင်ဟု ဆိုသူက ၃၆၅ ရက် (တစ်နှစ်)ခန့်ကြာပြီဖြစ်ကြောင်း ပြောသည့်အခါ သူဌေးသားက ဤသို့ဆိုလျှင် ငါ့အိမ်ရှေ့တွင် ခင်းကျင်းထားသော ရွှေပြား ၃၆၅-ချပ် ပျောက်ဆုံးနေသည်မှာ သင့်ဗျိုင်းငှက် ခိုးယူခဲ့ခြင်းဖြစ်သည်။ သင့်မှာလည်း ခိုးရာပါပစ္စည်းလက်ခံထားသူ ဖြစ်ရာ အမြန်ပေးလျော်ရမည်။ မလျော်နိုင်ပါက တရားစွဲဆို အရေးယူမည်ဟု ပြောကြားသောအခါ ဗျိုင်းရှင်ဆိုသူမှာ မနေ့ဝံ့ဘဲ ရွှေပြားများကို ပေးလျော်နိုင်စွမ်းမရှိသဖြင့် အပြစ်မှခွင့်လွှတ်ပါရန် သူဌေးသားအား ကြောက်ရွံ့ထိတ်လန့်စွာ တိုးလျှိုးတောင်းပန်ရလေသည်။ ဤကဲ့သို့တစ်ဖက်သား ပြောသည့်စကားအပေါ်မှာ အခြေခံ၍ အပိုင်စီးနင်း ဆုပ်ကိုင်ပြောဆိုခြင်းသည် **"ကောက်ပင်ရိတ်လှီး စကားပြောနည်း"** ဟု ဆိုစမှတ် ပြုကြပါသည်။ သံခင်းတမန်ခင်း စကားပြောဆိုရာတွင် အတုယူဆောင်ရွက်ဖွယ်ရာ ကောင်းလှပါသည်။

**(သာသနာရေး)**

(၂၅-၉-၂၀၀၆)

http://www.dhammadownload.com



# ရေစီးဖောင်ဆန် စကားပြောနည်း
# (စကားကြီး ၁၀-မျိုးမှ)

လှေ၊ ဖောင်များ မြစ်ညာသို့ ဆန်တက်သောအခါ လိုရာဆန္ဒရှိသမျှ ပစ္စည်းများကို တင်ဆောင်၍ ရေစီး၊ ရေလာ၊ ရေကြောင်းသွားလာမှုကိုကြည့်ပြီး ဖြည်းညင်းသာယာစွာ ဆန်တက်ပါက လိုရာခရီးသို့ ရောက်နိုင်သကဲ့သို့ စကားပြောဆိုရာတွင်လည်း အများနားထောင်ရသည်မှာ ခံသာနားလည်အောင် ဥပမာ၊ ဥပမေယျတို့ဖြင့် လိုရာရောက်အောင် ဖြည်းညင်းသာယာစွာ ပြောဆိုခြင်းသည် **"ရေစီးဖောင်ဆန်စကားပြောနည်း"**ဟူ၍ မှတ်သားရပါသည်။

ရေစီးဖောင်ဆန် စကားပြောနည်းကို ဥပမာပြရသော် ဒွါရာဝတီဘုရင်မင်းသည် တနင်္သာရီသို့ စက်မက်ချီစဉ်ခဏ စခန်းချနေကြောင်း ရာဇာဓိရာဇ်ဘုရင် သိရှိသဖြင့် တနင်္သာရီသို့ စစ်ခင်းခြင်းအား သည်းခံပါရန် တောင်းပန်စကား ပြောဆိုလိုသဖြင့် ပညာရှိအမတ်တစ်ဦးအား သဝဏ်လွှာစာပို့စေလွှတ်ခဲ့ပါသည်။ ထိုစာကို ဒွါရာဝတီမင်း ဖတ်ရသောအခါ စကားအသုံးအနှုန်းတွင် **"အဆွေတော်"**ဟု သုံးနှုန်းထားသည်ကို နှစ်သက်ခြင်းမရှိဘဲ အမျက်ဒေါသ ထွက်ခဲ့လေသည်။

http://www.dhammadownload.com



ဒွါရာဝတီမင်း၏ ထင်မြင်ချက်မှာ အချင်းချင်း ဖြစ်၍ **"အကြည်တော်"**ဟူသော အသုံးအနှုန်းကို သုံးနှုန်းလက်ခံလိုသည့် စိတ်ထားရှိဟန်တူပါသည်။ ထိုအခြင်းအရာကို သိမြင်ရသည့် ရာဇာဓိရာဇ်မင်း၏ ပညာရှိအမတ်က အဆွေတော်ဟူသော အသုံးအနှုန်းသည် ရှေးကျမ်းဂန်များ အလာ အရ မည်မျှအဆင့်မြင့် မြင့်မြတ်လှကြောင်းကို လျှောက်ထားခဲ့သည်မှာ မင်းမဖြစ်သေးသော သူတို့အချင်းချင်း ဆက်ဆံကြရာဝယ် အကြည်တော်ဟူ၍သာ သုံးနှုန်းခဲ့ကြပြီး ဧကရာဇ်မင်းဖြစ်ပြီးသော သူများသာလျှင် ဧကရာဇ်မင်းအချင်းချင်း **"အဆွေတော်"**ဟု သုံးနှုန်းခဲ့ကြောင်း ရှေးထုံးသာဓကအဖြစ် ဒွါရာဝတီမင်း နားဝင်အောင် လျှောက်ထားသည့်အခါ ပညာရှိအမတ်၏ လျှောက်ထားချက်စကားကို ဒွါရာဝတီမင်း လွန်စွာမှပင် အားရချီးကျူး ချီးမြှောက်မှုပြုခဲ့ပါသည်။

ဤသို့ စကားပြောရာတွင် နားဝင်လာအောင် လိမ္မာပါးနပ်စွာဖြင့် ပြောကြားခြင်းမျိုးကို **"ရေစီးဖောင်ဆန်စကားပြောနည်း"**ဟု မြန်မာတို့ ဆိုစမှတ်ပြုခဲ့ကြသည်။

**(သာသနာရေး)**

(၇-၁၀-၂၀၀၆)

http://www.dhammadownload.com



# အိုးတန်ဆန်ခတ် စကားပြောနည်း
## (စကားကြီး ၁၀-မျိုးမှ)

အိုးနှင့်ဆန်သည် တန်အောင်ချက်လျှင် နူးညံ့စွာ သုံးဆောင်ရသဲ့သို့ စကားအရာတွင်လည်း လိုရင်းရောက်အောင် မယုတ်မလွန် ပြောဆိုခြင်းဖြင့် လိုရာဆန္ဒ ကိစ္စပြီးမြောက်ရသည်။ ဤသို့ပြောဆိုခြင်းကို **"အိုးတန်ဆန်ခတ် စကားပြောနည်း"**ဟု ဆိုပါသည်။

အိုးတန်ဆန်ခတ် စကားပြောနည်းကို သာဓကထင်ရှားအောင် ပြဆိုရပါမူ တစ်ခါက ဗာရာဏသီပြည့်ရှင်မင်းသည် မုဆိုးအသွင်ဖြင့် တောလည်ရာတွင် မျက်မမြင် မိဘနှစ်ပါးအား လုပ်ကျွေးနေသော ဘုရားလောင်း သုဝဏ္ဏသာမ မင်းသားကို သားသမင်ထင်မှတ်၍ မြားဖြင့်ပစ်ခတ်မိရာတွင် သုဝဏ္ဏသာမ မြားဆိပ်သင့်၍ သေငယ်ဇောဖြင့် မေ့မြောနေခဲ့ပါသည်။ ထိုအခြင်းအရာကို သိရှိသော သိကြားမင်းသည် သုဝဏ္ဏသာမ၏ မိဘနှစ်ပါးအား **"အသင်တို့ မပူကြလင့်၊ အသင်တို့သား အသက်အရှင်လိုမှု၊ အသင်တို့၏ မျက်စိမြင်လိုမှု၊ ရွှေအသပြာများထည့်ထားသော ရွှေအိုးရလိုမှု ဤသုံးဆုတွင် သင်တို့လိုရာ တောင်းနိုင်ပါသည်"**ဟု သိကြားမင်းက ပြောကြားသောအခါတွင်

http://www.dhammadownload.com



သုဝဏ္ဏသာမ၏ မိခင် ဖခင်များဖြစ်ကြသည့် ဒုကူလနှင့် ပါရိကာတို့သည် စကားသုံးမျိုးအား တစ်မျိုးတည်းဖြင့် ပြီးမြောက်အောင် ပြောဆိုသည်မှာ **"သားရွှေအိုးထမ်းလာသည်ကို မြင်လိုပါသည်"**ဟု အားလုံးအကျုံးဝင်အောင် သိမ်းပိုက်ပြောဆိုနိုင်ခဲ့သဖြင့် စကားတစ်ခွန်းတည်းဖြင့် လိုရာကို ပြီးပြည့်စုံစွာ ရရှိခဲ့ပါသည်။

ဤသို့ စကားပြောနည်းကို **"အိုးတန်ဆန်ခတ် စကားပြောနည်း"**ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

**(သာသနာရေး)**

(၉-၁၀-၂၀၀၆)

http://www.dhammadownload.com



# ဆီပွတ်ကျည်ပွေ့ပြောနည်း

## (စကားကြီး ၁၀-မျိုးမှ)

ဆီကိုရအောင် ပွတ်သည့်အခါ အထပ်ထပ်အခါခါ ပွတ်ရသကဲ့သို့ အလိုရှိသောစကားကိုလည်း (၁)ကြိမ်နှင့် မအောင်မြင်လျှင် (၂)ကြိမ်၊ (၂)ကြိမ်နှင့် မအောင်မြင်လျှင် (၃)ကြိမ် စသည်ဖြင့် အချိန်အခါ အခြေအနေ အရိပ်အကဲကို ကြည့်၍ အထပ်ထပ်အခါခါ ပြောဆိုခြင်းဖြင့် လိုရာဆန္ဒကို ပြည့်ဝစေခြင်းသည် **"ဆီပွတ်ကျည်ပွေ့ စကားပြောနည်း"** မည်၏။

ဆီပွတ်ကျည်ပွေ့ စကားပြောနည်းအား ထင်ရှားမြင်သာအောင် ဥပမာသာဓကပြဆိုရလျှင် အခါတစ်ပါး မဟာစေတီတည်ရာ၌ ပိန္နဲတိုင်စိုက်ထူရန်အတွက် မကျည်းနှစ်သားကို အသုံးပြုလိုသဖြင့် "မန်ကျည်းနှစ်သား မာပါ၏လား"ဟု မေးကြားသောအခါ ပညာရှိအမတ်က လျှောက်ထားသည်မှာ "မန်ကျည်းနှစ်သားလည်း မာပါသည်၊ ကျွန်းသားလည်း မာပါသည်"ဟု လျှောက်ထားရာ နောက်တစ်ခါ ဘုရင်က "ရှားနှစ်သား မာပါသလား"ဟု မေးသည့်အခါ "ရှားနှစ်သားလည်းမာပါသည်၊ ကျွန်းသားလည်း မာပါသည်" ဟု ထပ်မံ လျှောက်ထားပြန်၏။ ထိုကဲ့သို့ ပညာရှိအမတ်မှ

http://www.dhammadownload.com



ဘုရင်ပြောကြားသည့်စကားကို ပယ်ရှားရုံမဟုတ်ဘဲ အမှန်တကယ်မှာသည့် အသုံးပြုမည့် ကျွန်းသားကို မကျည်းနှစ်သား၊ ရှားသားကဲ့သို့ မာကြောင်း ထပ်တလဲလဲ လျှောက်ထားသည့်အခါ ဘုရင်ဧကရာဇ်သည် ကျွန်းသားစစ်ကို နှစ်သက်ချမ်းမြေ့သဘောတော်တွေ့ပြီး ဘုရားပိန္နဲတိုင်အဖြစ် စိုက်ထူရန် သဘောတူခဲ့လေသည်။

ဤကဲ့သို့ အထက်အကြီးအကဲ၏ စကားကိုလည်း မပယ်ရှား၊ အမှန်တကယ်ဖြစ်သည်ကိုလည်း အကြီးအကဲ သိအောင် စကား(၂)ခုကို ပူးတွဲကာ ထပ်တလဲလဲ ပြောဆိုခြင်းဖြင့် မိမိအကြီးအကဲများ သိရှိလက်ခံလာအောင် ပြောဆိုခြင်းမျိုးကို **“ဆီပွတ်ကျည်ပွေ့ စကားပြောနည်း”**ဟု ခေါ်ဆိုပါသည်။

**(သာသနာရေး)**

(၁၁-၁၀-၂၀၀၆)

http://www.dhammadownload.com



# ဆင်ဖွေ့ရန်ရှောင် စကားပြောနည်း
# (စကားကြီး ၁၀-မျိုးမှ)

ဆင်ဖွေ့ရန် လိုက်လာသည့်အခါ လွတ်ရာလွတ်ကြောင်း လှည့်ပတ်တိမ်းရှောင် ပြေးတတ်သဖြင့် အသက်ဘေးမှ ချမ်းသာရာ ရရှိသကဲ့သို့ စကားပြောရာတွင်လည်း မိမိအသက်ဘေးအန္တရာယ်ကျရောက်မည့် အကျဉ်းအကျပ်စကားမျိုးကို အန္တရာယ်မှ ကင်းလွတ်အောင် စကားပရိယာယ်ဖြင့် ရှောင်လွှဲ ပြောဆိုတတ်ခြင်းကို **"ဆင်ဖွေ့ရန်ရှောင် စကားပြောနည်း"**ဟု ပြောစမှတ်ပြု သတ်မှတ်ကြပါသည်။

ဆင်ဖွေ့ရန်ရှောင် စကားပြောနည်းကို ဥပမာထင်ရှားအောင် ပမာပုံဆောင်ပြရပါမူ အခါတစ်ပါး ဘုန်းခေါင်ညီရင်းအိမ်ရှေ့မင်းသည် ကြည်ညိုခြင်းသဒ္ဓါ လွန်ကဲသောကြောင့် ကျောင်းဆောက်လှူဒါန်းရာ၌ ကျောင်း၏ အောက်ခြေရက်မအောက်ထိ အောက်ပိုင်းများကိုပါ ရွှေချထားသည်ကို မြို့ဝန်မင်း တွေ့ရှိသောအခါတွင် မသင့်လျော်ကန်သည့်အတွက် အောက်ပိုင်းမှ ရွှေများကို ဖျက်စေခဲ့ပါသည်။

ထိုအခြင်းအရာကို အိမ်ရှေ့မင်းသား တွေ့မြင်သည့်အခါ ဒေါသအမျက် ပြင်းစွာထွက်သဖြင့် မြို့ဝန်အား ချက်ချင်းသတ်မည်ဟု ခေါ်စေခဲ့ရာတွင် မြို့ဝန်မင်းက အိမ်ရှေ့မင်းသား

http://www.dhammadownload.com



အား လျှောက်ထားရာ၌ အရှင်မင်းသား သည်းခံတော်မူပါဘုရား၊ အရှင်မင်းသားသည် ဘုန်းသမ္ဘာပြည့်စုံသောကြောင့် မလွဲဧကန် ဘုရင်ဧကရာဇ် ဖြစ်မည့်သူပါဘုရား။ ထိုကဲ့သို့ ဘုရင်ဖြစ်သည့်အခါမှသာလျှင် ကျောင်းတစ်ကျောင်းလုံးကို အောက်ခြေမှမကျန် ရွှေချနိုင်ရန်အတွက် ယခုခေတ္တ ချန်လှပ်ထားတော်မူပါဘုရား"ဟု လျှောက်ထားရာတွင် အိမ်ရှေ့မင်းသားသည် အမျက်တော်ပြေ သဘောတော်ကျသဖြင့် ဆုလာဘ်များပင် ပေးသနားစေခဲ့ပါသည်။

ဤကဲ့သို့ တစ်ဖက်သားအား အမျက်ပြေစေရန်နှင့် မိမိလည်း အန္တရာယ်မှကင်းဝေးစေရန်အတွက် စကားအရာ လိမ္မာပါးနပ်စွာဖြင့် လှည့်ပတ်ပြောဆိုတတ်ခြင်းကို **"ဆင်ဝှေ့ရန်ရှောင် စကားပြောနည်း"**ဟု နောင်လာနောက်သားတို့ အတုယူခေါ်စမှတ် ပြုကြပါသည်။

**(သာသနာရေး)**

(၂၄-၁၂-၂၀၀၆)

http://www.dhammadownload.com



# တောင်သူယာခုတ် စကားပြောနည်း
## (စကားကြီး ၁၀-မျိုးမှ)

တောင်သူတို့သည် လယ်ယာစိုက်ပျိုးရန်အတွက် တောင်ယာများ ခုတ်ထွင်ရှင်းလင်းရာတွင် ချုံနွယ်ပိတ်ပေါင်း၊ သစ်ပင်ငယ်တို့ကို ဦးစွာရှင်းလင်းပြီးမှ သစ်ပင်ကြီးများကို ခုတ်လှဲရှင်းလင်းသကဲ့သို့ စကားအရာတွင်လည်း ပထမဦးစွာ တန်ဖိုးနည်းသော စကားငယ်၊ စကားပရိယာယ်များကိုသာ လျှင် ပြောကြသည်။ နောက်ဆုံး အဆုံးအဖြတ်ပေးမည့် တန်ဖိုးကြီး စကားများဖြင့် အဆုံးသတ်ပြောကြားခြင်းမျိုးကို **"တောင်သူယာခုတ်စကားပြောနည်း"**ဟု စကားအရာ ပညာအားဖြင့် ခေါ်ဝေါ်ပါသည်။

ထိုကဲ့သို့ တောင်သူယာခုတ်စကားပြောနည်းကို ဥပမာအားဖြင့် ထင်ရှားအောင် ပြဆိုရပါမူ မိတ္ထီလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီး၏ သိန်းအမတ် အပါအဝင် သုခမိန်ကျော် အမတ်ကြီး လေးပါးနှင့် ဘုရားလောင်း ပညာရှိ သုခမိန် မဟောသဓာအမတ်တို့ စကားစစ်ထိုးကြရာ၌ သိန်းအမတ်ကြီးက ပြောကြားရာတွင် ပညာနှင့်ဥစ္စာ နှစ်ခုအနက် ဥစ္စာ ပစ္စည်းသာလျှင် အဓိကကျ အရေးကြီးကြောင်း ပြောကြား

http://www.dhammadownload.com



သောအခါ မဟော်သဓာအမတ်က ပညာသာလျှင် အမြတ်ဆုံးဖြစ်ကြောင်း တင်လျှောက်ခဲ့သည်။

ထိုအခါ၀ယ် သိန်းအမတ်က မဟော်သဓာသည် ငယ်ရွယ်သူဖြစ်သည့်အတွက် မှန်ရာကို မသိခြင်းသာ ဖြစ်ပါသည်။ အမှန်စင်စစ်မှာ ဥစ္စာရှိမှသာလျှင် လူအများတို့ ခယ၀ပ်တွားပြီးမှ စကားနာခံသည်ဟု ထပ်မံလျှောက်ထားပါသည်။

သိန်းအမတ်၏ ပြောဆိုစကားကို မဟော်သဓာက ပြန်လည်ချေပ လျှောက်ထားခဲ့ရာတွင် အချို့သော လူတို့တွင် ဥစ္စာခနေ ပေါများကြွယ်၀ပါသော်လည်း ရောဂါဥပဒ်တစ်စုံတစ်ရာ ကပ်ငြိသောအခါတွင် မည်သို့မျှ ကုသရန် တတ်နိုင်စွမ်း မရှိသဖြင့် ပညာရှိရှေ့သို့သာ အရောက်လာ၍ ဆည်းကပ်မှီခိုကြရသည်ဟု မဟော်သဓာက ၀ိဒေဟရာဇ်မင်းကြီးအား ထပ်မံလျှောက်ထားခဲ့ပါသည်။

သိန်းအမတ်သည် မဟော်သဓာ၏ စကားရပ်ကို ချေပနိုင်ရန်အတွက် ဘုရင်ကြီးကိုပင် သူ့ဘက်ပါအောင် စည်းရုံး သိမ်းသွင်း ပြောဆိုခြင်း ပြုခဲ့သည်မှာ **“မှန်လှပါ အရှင်မင်းကြီးဘုရား၊ အရှင်မင်းကြီးသည် ဥစ္စာရတနာနှင့် ပြည့်စုံပြီး ပြည်ရွာရဠ အစိုးရ ဖြစ်နေ၍သာ လူပေါင်း**

http://www.dhammadownload.com



**ခညောင်းဝပ်တွား၍ ရှိသေနေကြခြင်းဖြစ်ပါသည်ဘုရား"** ဟု လျှောက်ထားခဲ့ပြန်ရာ ဝိဒေဟရာဇ်မင်းကြီးပင်လျှင် ဇဝေဇဝါ ဖြစ်ခဲ့ရပါသည်။

သို့သော် ပညာရှိ မဟော်သဓာအမတ် နောက်ဆုံး လျှောက်ထားခဲ့သည့်အချက်မှာ ပဏ္ဍိတက ဗုဒ္ဓမြတ်စွာ စိန္တေယျာမှာ ဥစ္စာမရှိ သို့ဖြစ်ဘိလည်း ဉာဏ်ကြီးမြုတေ ထွန်းတောက်ဝေ၍ ဒေဝဗြဟ္မာ မနုဿာတို့ ပူဇော်ခယ ကိုးကွယ် ဆည်းကပ်ကြရပါသည်ဘုရား။ မြတ်စွာဘုရားမှာ ကြီးမားသော သဗ္ဗညုတဉာဏ်တော်မှအပ မည်သည့်ဥစ္စာမှ တွယ်တာ စုဆောင်းခြင်းမရှိ၊ လူနတ်ဗြဟ္မာတို့၏ ရွှေတောင်ကြီးအလား အားထားရသည်ကို ကြည့်ခြင်းအားဖြင့် ပညာသည်သာလျှင် အမြတ်ဆုံးဟု နောက်ဆုံးလျှောက်ထားခဲ့ရာ သိန်းအမတ်ကြီး အပါအဝင် အမတ်ကြီး လေးပါးစလုံး ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေပြီး အရှုံးပေးလိုက်ကြရသည်။

ဤကဲ့သို့ ငယ်ရာမှ ကြီး၊ နည်းရာမှ များ စကားပရိယာယ်ကြွယ်ဝစွာဖြင့် အချက်အလက် ပိုင်ပိုင်နိုင်နိုင် ပြောဆိုခြင်းကို **"တောင်သူ့ယာခုတ် စကားပြောနည်း"** ဟု လောကတွင် ခေါ်စမှတ်ပြုကြပါသည်။

**(သာသနာရေး)**

(၆-၁၂-၂၀၀၆)

http://www.dhammadownload.com



# ကြက်ဆုတ်ခွပ်ပစ် စကားပြောနည်း
# (စကားကြီး ၁၀-မျိုးမှ)

တိုက်ကြက်တို့၏သဘောသည် ခွပ်မည်ပြုသော အခါ နောက်သို့ဆုတ်ဟန်ပြု၍ တကယ်ခွပ်သောအခါမှသာ အားမာန်အပြည့်ဖြင့် စီး၍ခွပ်သကဲ့သို့ စကားအရာတွင်လည်း တစ်ဖက်လူ၏အလိုကို ထိုက်တန်သရွေ့လိုက်၍ ပြောဆိုပြီးလျှင် မိမိဘက်က အသာစီးရသည့် အခါမှသာ အထက်စီးဖြင့် ပိုင်ပိုင်နိုင်နိုင် ပြောဆိုသော စကားကို **"ကြက်ဆုတ်ခွပ်ပစ် စကားပြောနည်း"**ဟု ဆိုစမှတ် ပြုကြပါသည်။

ကြက်ဆုတ်ခွပ်ပစ် စကားပြောနည်းကို ထင်ရှားအောင် ဥပမာသာဓကဖြင့် ပြောဆိုရပါလျှင် တစ်ချိန်တစ်ခါက အိမ်နီးနားချင်းနိုင်ငံမှ တိုင်းတစ်ပါးသား သံအမတ်နှင့် အင်းဝ နေပြည်တော်ရှိ ပညာရှိအမတ် ဦးပေါ်ဦးတို့ စကားစစ်ထိုး ပြောဆိုခဲ့ကြပြီးနောက် နှစ်နိုင်ငံပြည်ရွာတို့ သာယာဝပြော ကြကြောင်း၊ မြန်မာပြည်တွင် ၁၂-လ ရာသီအလိုက် ပွဲတော်များ ကျင်းပကာ စည်ကားသိုက်မြိုက်လျက်ရှိကြောင်း အမတ်ကြီး ဦးပေါ်ဦးက မြန်မာပြည်၏ ဖွံ့ဖြိုးတိုးတက်သာယာပုံကို ချီးမွမ်းခန်းဖွင့် ပြောဆိုခဲ့ပါသည်။ ထိုသို့ ဦးပေါ်ဦး ပြောသော

http://www.dhammadownload.com



စကားကို အိမ်နီးနားချင်း နိုင်ငံမှ တိုင်းတစ်ပါးသား သံအမတ်က ပြန်လည်ပြောကြားရာတွင် မြန်မာပြည်၌ ပွဲလမ်းသဘင်သည်သာ စည်ကားသည်မဟုတ်ပါ။ ကျွန်ုပ်တို့သံအဖွဲ့ အင်းဝနေပြည်တော်သို့ လာရောက်ရာတွင် လမ်းတစ်လျှောက်၌ လူကြီး၊ လူငယ်၊ လူလတ်မရွေး တအံ့တသြ ရင်သပ်ရှုမောကောင်းချီးသြဘာပေး ကြည့်ရှုကြပါသည်ဟု တိုင်းတစ်ပါးသား သံအမတ်က ဝင့်ကြွားစွာ ပြောဆိုလိုက်ပါသည်။

အိမ်နီးနားချင်းနိုင်ငံမှ တိုင်းတစ်ပါးသား သံအမတ်၏ ဝင့်ကြွားသော ထိုးနှက်ချက်စကားရပ်ကို ပညာရှိအမတ်ကြီး ဦးပေါ်ဦးက တန်ပြန်ချေဖျက်ပြောဆိုခဲ့သည်မှာ ကျွန်ုပ်တို့ အင်းဝနေပြည်တော်တွင် ဘုရင့်စွယ်စုံဆင်ကို ကကြိုးတန်ဆာများဆင်၍ တစ်နေ့သုံးကြိမ် ရေချရေချိုး ဆင်းသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ကြည့်ရှုခဲ့ခြင်းမရှိပါ၊ သို့သော် အခါတစ်ပါး သစ်ဆွဲဆင်၊ တောဆင်ရိုင်းတစ်ကောင်မြို့ပေါ်ရောက်လာသည့် အခါတွင် လူကြီး၊ လူငယ်၊ လူရွယ်မကျန် အားလုံးထွက်၍ အထူးအဆန်းသဖွယ် ကြည့်ရှုကြပါသည်ဟု ပြောဆိုလိုက်ရာ တိုင်းတစ်ပါးသား သံအမတ်သည် မည်သို့မျှ ချေပပြောဆိုနိုင်ခြင်းမရှိဘဲ ငြိမ်သက်သွားခဲ့ပါသည်။

http://www.dhammadownload.com



ဤကဲ့သို့ တစ်ဖက်သားအား လိုက်လျောသလို နောက်ဆုတ်ပြီး ပိုင်နိုင်သည့်အခါမှ ရှေ့ထွက် ထိုးနှက်ပြော ဆိုခြင်းကို **"ကြက်ဆုတ်ခွပ်ပစ် စကားပြောနည်း"**ဟု ဆိုစကား ရှိကြပါသည်။

**(သာသနာရေး)**
(၁၂-၁၂-၂၀၀၆)

http://www.dhammadownload.com



# ရေစစ်ပမာ စကားပြောနည်း

## (စကားကြီး ၁၀-မျိုးမှ)

ဓမ္မကရိုဏ်ခေါ်သော ရေစစ်ကို ရေတွင်နှစ်၍ ရေပြည့်လျှင် အပေါက်ကို လက်ဖြင့်ပိတ်ယူပါက ရေမထွက်နိုင်သကဲ့သို့ တစ်ဖက်လူ၏ စကားကို ပိတ်မိအောင် ပြောဆိုခြင်းသည် **“ရေစစ်ပမာ စကားပြောနည်း”**မည်၏။ (ဓမ္မကရိုဏ်ခေါ် ရေစစ်ကို မြင်သာအောင် ရှင်းလင်းပြရပါမူ ပရိက္ခရာရှစ်ပါးတွင် ပါသော ရဟန်းတော်သုံး ရေစစ်ခွက်သည် အဝကျယ်ပြီး ထိပ်ပိုင်းတွင် လက်မဝက်ခန့်ရှိသော ခေါင်းငယ်လေးပါရှိသည်။ ထိုလက်ကိုင်ခေါင်းတည့်တည့်တွင် လေပေါက်ဖောက်ထားပါသည်။ ခွက်၏အဝကို ပိတ်ပါးဖြင့် အလုံအုပ်၍ စွပ်ထားပါသည်၊ ရေစစ်လိုသောအခါ ခေါင်းပိုင်းမှ အပေါက်ငယ်လေးကို ဖွင့်ထားပြီး ရေတွင် ရေခွက်ကို နှစ်မြှုပ်ပါက ရေများစိမ့်ဝင်လာပါသည်။ ထိုရေခွက် ခေါင်းထိပ်ရှိ အပေါက်ငယ်အား လက်မဖြင့် ပိတ်၍ မ,ယူလိုက်သောအခါ လေဖြင့်စုပ်၍ ရေများဖိတ်မကျဘဲ ပါလာသည့် ရေစစ်ခွက်မျိုးကို ဓမ္မကရိုဏ် ရေစစ်ခွက်ဟု ခေါ်သည်။)

http://www.dhammadownload.com



**"ရေစစ်ပမာ စကားပြောနည်း"**ကို ထင်သာမြင်သာအောင် ဥပမာပြရလျှင် တစ်ခါက လူငယ်လေးယောက်နှင့် အဘိုးအို တစ်ယောက်တို့သည် ယုံတမ်းစကားပြောတမ်း ကတိသစ္စာပြုကြပါသည်။ တစ်ဖက်က ပြောဆိုသည့်စကားကို တစ်ဖက်က မယုံဟုဆိုလျှင် မယုံသည့်ဘက်မှ အရှုံးဖြစ်ပါသည်။ ထိုသို့ ကတိကဝတ်ထားပြီး အပြန်အလှန်စကားဆိုကြရာဝယ် လူငယ်များ ပြောစကားသည် ခပ်ပေါ့ပေါ့စကားမျိုးသာ ပြောကြားမေးမြန်းနိုင်ခဲ့သဖြင့် ယုံပါသည်ဆိုသော်လည်း အန္တရာယ်မရှိပါ။ ခပ်ပေါ့ပေါ့အသွင်လောက်သာဖြစ်ပါသည်။

သို့သော် လူအိုမေးရသည့်အလှည့်သို့ ရောက်သောအခါ လူအိုက လူငယ်များအား ပြောကြားသည်မှာ သင်တို့သည် ငါ့အိမ်တွင် မွေးခဲ့သော ငွေဝယ်ကျွန်များမှ ပေါက်ဖွားလာသူများ ဖြစ်သဖြင့် သင်တို့လေးယောက်စလုံး ငါ့အတွက် ကျွန်အဆစ်ကလေးများသာ ဖြစ်သည်ဟု ယုံ၊ မယုံ မေးမြန်းပြောကြားလိုက်ရာ လူငယ်များအတွက် မယုံကြည်ပါဟု ပြန်ပြောလျှင်လည်း ကတိစကားအရ အရှုံးဖြစ်ပေလိမ့်မည်။ ယုံကြည်ပါသည်ဟု ပြောပါကလည်း အလိုအလျောက် ကျွန်ဖြစ်သွားပေလိမ့်မည်။ ထိုကဲ့သို့ တစ်ဖက်လူ ရှောင်လွှဲမရနိုင်

http://www.dhammadownload.com



စေရန် ပိတ်မိအောင် ပြောဆိုခြင်းမျိုးကို **"ရေစစ်ပမာ စကားပြောနည်း"**ဟု ခေါ်ဆိုကြပါသည်။

ဤစကားပြောပုံနှင့် ပတ်သက်၍ မျက်မှောက်ခေတ်တွင် အဖြစ်အပျက်တစ်ခုရှိခဲ့သည်မှာ ပုသိမ်မှ ဟင်္သာတအသွား ရထားပေါ်တွင် လူငယ်အရာရှိတစ်ယောက်နှင့် ဟင်္သာတသား လူအိုလူကြီးတစ်ယောက်တို့ တွေ့ဆုံရာတွင် လူငယ်သည် ခပ်ကြွားကြွား စကားများများ ပြောတတ်သည်ကို လူကြီးက ပညာပေးလိုသဖြင့် သူငယ်အား **"မင်းနဲ့ငါ အပြန်အလှန် မေးမြန်းစကား ပြောဆိုမည်၊ မေးမြန်းသူကို မဖြေနိုင်သူက လျော်ကြေးပေးစတမ်း"**ဟု ကတိပြုခဲ့သည်။ သို့ရာတွင် လူကြီးက လူငယ်အား **"မင်းမှာမူ လူငယ်ဖြစ်ပြီး သွက်လက်ချက်ချာ ဗဟုသုတများသဖြင့် လူငယ်ရှုံးလျှင် တစ်ဆယ်ကျပ်ပေးရန်နှင့် လူကြီးမှာမူ အိုမင်းရင့်ရော် မေ့တတ်နေပြီ ဖြစ်သဖြင့် လူကြီးမဖြေနိုင်ပါက ငါးကျပ်သာပေးရန်"**နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ပါသည်။

လူကြီးက စတင်မေးမြန်းသည့်အခါ လူငယ်က မဖြေနိုင်သဖြင့် တစ်ဆယ်ကျပ်ပေးလိုက်ပါသည်။ လူငယ်အလှည့်ရောက်သည့်အခါ လူကြီးအား မေးမြန်းရာ၌ လူကြီးကလည်း မဖြေနိုင်သဖြင့် ငါးကျပ်ပြန်လည် ပေးလိုက်ပါသည်။ ဤကဲ့သို့

http://www.dhammadownload.com



အမေးအဖြေနှင့်သုံးကြိမ်မျှ အပြန်အလှန် ပြုလုပ်ပြီးသောအခါ လူငယ်မှာ ဆယ့်ငါးကျပ်ရှုံးပြီးမှ လူကြီး၏ ပညာသားပါသော အလောင်းအစား ကတိစကားကို ရိပ်စားမိသွားပါသည်။ ဤစကားမျိုး ပြောနည်းသည်လည်း မလွတ်တမ်း အနိုင်ရအောင် ချောင်ပိတ်ပြောဆိုခြင်းဖြစ်၍ "ရေစစ်ပမာ စကားပြောနည်း" ဖြစ်ပါလိမ့်မည်။

(သာသနာရေး)
(၁၄-၁၂-၂၀၀၆)

http://www.dhammadownload.com



# ခက်တင်မောင်းနှင်း စကားပြောနည်း
# (စကားကြီး ၁၀-မျိုးမှ)

သူ့စကားကို ဟုတ်သည်ဟုလည်းမဆို၊ မဟုတ်ဘူးလည်းမဆိုဘဲ၊ မတင်မကျ ပြောဆိုခြင်းသည် "ခက်တင်မောင်းနှင်း စကားပြောနည်း" မည်၏။

"ခက်တင်မောင်းနှင်း စကားပြောနည်း" ကို ရှေးသာဓကအဖြစ် ပြဆိုရပါမူ တစ်ခါက မျုးမတ်ဗိုလ်ပါ တစ်စုသည် ယုတ်မာ ဆိုးညစ်လှသော သူခိုးစစ်၊ သူခိုးမှန်တစ်ယောက်ကို သတ်ပစ်အံ့ငှာ ဖမ်းလာခဲ့ပါသည်။ ထိုအခါ သူခိုးဖြစ်သူက ပရိယာယ်ဖြင့် ဖမ်းသူများ ဇဝေဇဝါဖြစ်စေရန် သူသည် သူခိုးမဟုတ်ပါ၊ သူခိုးအစစ်မှာ သူ့ရှေ့တွင်ပင် ထွက်ပြေးသွားပြီးဖြစ်ပါသည်။ သူကား တောင်ဖီလာ ဆရာတော်ထံတွင် ပညာသင်ကြားနေသော တောင်ဖီလာ ဆရာတော်၏ တူအရင်းဖြစ်ပါသည်ဟု ပရိယာယ်ဖြင့် ပြောဆိုသောအခါ အမတ်ဗိုလ်ပါတို့လည်း ဇဝေဇဝါဖြစ်ပြီး ၎င်းအား ခေါ်ယူကာ တောင်ဖီလာ ဆရာတော်ထံ သွားရောက်၍ ဆရာတော်၏တူ ဟုတ်မဟုတ် မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါဝယ် ဆရာတော်က စဉ်းစားခဲ့သည်မှာ "မြွက်ဖော် ငါ့တူပြောလိုက်မူက ငါ့မှာ မုသားမလွတ်ငြားချေ"

http://www.dhammadownload.com



ဟု စဉ်းစားတွေးမိ၍ အကယ်၍ ငါ့တူမဟုတ်ပါဟု ငြင်းဆို လိုက်ပါကလည်း ထိုသူ သေတော့မည်ကို ဆင်ခြင်မိ၏၊ သူ့အတွက် ဉာဏ်ဆင်ခြင်၍ "ဤလူငယ် ငါ့တူအရင်း မဟုတ်ဘူးဟု မည်သူက ပြောကြားသလဲ"ဟု မြွက်ဆို မိန့်ဟပြီး မျက်မှောက်ချ၍ ဣန္ဒြေဖြင့် နေလိုက်သည့်အခါ မှူးမတ်ဗိုလ်ပါတို့လည်း ဆရာတော်၏ မတင်မကျ ပြောသည့်စကားကို ထပ်မံစဉ်းစား မေးမြန်းခြင်းမပြုတော့ဘဲ တူအရင်းဟု ထင်မှတ်ကာ ဖမ်းလာသည့် လူငယ်အား ပြန်လွှတ်ပေးလိုက်ပါသည်။

ဤသို့ မတင်မကျ ပြောသော အသွင်ကို "**ခက်တင်မောင်းနင်း စကားပြောနည်း**" ဟု လောကတွင် ဆိုစမှတ်ပြုကြပါသည်။

**(သာသနာရေး)**
(၁၈-၁၂-၂၀၀၆)

http://www.dhammadownload.com



# နိုင်ငံဝန်ထမ်းရွေးချယ်ရာ၌ ပြည့်စုံရမည့် အင်္ဂါရပ်များ

ဗုဒ္ဓမြတ်စွာဟော ကျမ်းဂန်များနှင့် နီတိကျမ်းများပါ နိုင်ငံဝန်ထမ်းများ ရွေးချယ်ခန့်ထားရာတွင် အောက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံမှသာ နိုင်ငံတော်အတွက် ဝန်ထမ်းကောင်းများ ရရှိပြီး တိုးတက်ကြီးပွားလာမည် ဖြစ်ပါသည်-

- အကြားအမြင် ဗဟုသုတရှိခြင်း၊
- ကိုယ် နှုတ် အမူအရာ ယဉ်ကျေး၍ တင့်တယ်သော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံခြင်း၊
- ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊
- ရဲရင့်သူ (ရဲစွမ်းသတ္တိရှိသူ) ဖြစ်ခြင်း၊
- ဇွဲလုံ့လ ဝီရိယရှိခြင်း၊
- အမှုကိစ္စတာဝန်ကျေအောင် ထမ်းဆောင်သူ ဖြစ်ခြင်း၊
- ကာလဗလ ဉာဏဗလ ဖွံ့ဖြိုးခိုင်မာခြင်း၊
- ဉစ္စာကို မမက်မောခြင်း

၍ အထက်ဖော်ပြပါ ဂုဏ်အရည်အချင်းများနှင့် ပြည့်စုံသူတို့ကိုသာ ဝန်ထမ်းအဖြစ် ရွေးချယ်ရန် **"မဃဒေဝ လင်္ကာသစ်"** အဖွင့်ကျမ်းတွင် မှတ်သားရလွယ်ကူရန် အောက်ပါအတိုင်း လင်္ကာဖြင့် ဖော်ပြထားပါသည်-

http://www.dhammadownload.com



"မြင်ကြားရှိခြင်း၊ အဆင်းအကျင့်
ရဲရင့်လုံ့လ၊ ကိစ္စပြီးစီး၊
အားကြီးခိုင်မာ၊ ဥစ္စာမမက်၊
ရှစ်ချက်အင်ကြုံ၊ ကုံလုံပြီးသူ၊
ထိုသည့်လူကို၊
ကောက်ယူရွေးချယ် ပါကုန်လော့"

ဟု ညွှန်ပြခဲ့သည်။

ပညာအရည်အချင်း (ဉာဏဗလ)မရှိ၊ ရဲစွမ်းသတ္တိကင်း ညံ့ဖျင်းသူ၊ ဗဟုသုတနည်းပါး၍ ကိုယ်ကျင့်တရားပျက်ပြားသူတို့ကို အရည်အချင်းမရှိဘဲ နီးစပ်ရင်းနှီးမှုအရ ဝန်ထမ်းများအဖြစ် ခန့်ထားမိပါက နိုင်ငံပျက်ပြားဖို့သာဖြစ်၏။ ကိုယ် နှုတ် အမူအရာ မယဉ်ကျေးသော ဝန်ထမ်းများကြောင့် အုပ်ချုပ်သူများနှင့် ပြည်သူတို့အကြား စိတ်ဝမ်းကွဲပြားမှု ပြဿနာများပင် ပေါ်လာနိုင်၏။

ထိုကဲ့သို့သော "လူမွေယောကျ်ား၊ မင်းစေများ"ကို "ပြည်သူ့မီးပွား" ဟုဆိုရ၏။ ဆန္ဒာဂတိလိုက်၍ဖြစ်စေ၊ တံစိုး လက်ဆောင်စား၍ဖြစ်စေ ထိုပြည်သူ့မီးပွားတို့ကို နိုင်ငံဝန်ထမ်းများအဖြစ် အရွေးမမှားစေရန် အထူးသတိထားရပေမည်။

(သာသနာရေး)

(၂၉-၉-၂၀၀၆)

http://www.dhammadownload.com



# သခင် (အလုပ်ရှင်)
# ကျင့်ဝတ် (၅) ပါး

မြတ်စွာဘုရားသည် သိင်္ဂါလောဝါဒသုတ္တန်တွင် လောကီလောကုတ္တရာ အကျိုးစီးပွားနှစ်ဖြာ ဖြစ်ထွန်းစေရန် အတွက် အလုပ်ရှင်၊ အလုပ်သမား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လိုက်နာထိန်းသိမ်းကြရမည့် ကျင့်ဝတ်များကို အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။

- အလုပ်ရှင်သည် မိမိ၏အလုပ်သမား တပည့်သားများအား ခွန်အားအလျောက်သာ အလုပ်ကို ခိုင်းစေခြင်း၊
- ထမင်းရိက္ခာ (သင့်တင့်လျောက်ပတ်သောလစာ) ပေးခြင်း၊
- မိမိအလုပ်သမား၊ မကျန်းမာသည့်အခါ ပြုစုယုယ ဆေးဝါးကုသပေးခြင်း၊
- ထူးကဲသော အရသာ (ကာယ စိတ်ဓာတ်နှစ်ဖြာ) ကို ခွဲဝေပေးခြင်း၊
- အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊
- အဝတ်တန်ဆာ (အချိန်ပိုလုပ်ခ) စသည် ပေးခြင်း။

http://www.dhammadownload.com



သင်္ဂဇာဆရာတော်က သခင် (အလုပ်ရှင်) ကျင့်ဝတ်ငါးပါးကို မှတ်သားရလွယ်စေရန် လင်္ကာဖွဲ့ဆို ထားပါသည်-

## သခင် (အလုပ်ရှင်) ကျင့်ဝတ်(၅) ပါး လင်္ကာ

**ဝစွာ ကျွေးမွေး၊ ပြုရေးစီရင်၊**
**နာလျှင်ကုစေ၊ ငှဝေရသာ၊**
**အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ-ဟု**

လင်္ကာစပ်ဆိုထားပါသည်။

ဤသို့အားဖြင့် သခင် (အလုပ်ရှင်) များဘက်က မိမိတို့၏ လုပ်သားများအပေါ်တွင် အင်္ဂါငါးရပ်နှင့်အညီ တာဝန်ကျေစွာ ဆောင်ရွက်ပေးမည်ဆိုပါက အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဝ ချစ်ကြည်ကြ၍ လုပ်ငန်းများကို တိုးတက် ကြီးပွားပြီး အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးစလုံး ကောင်းကျိုးချမ်းသာ ရကြမည်မှာ မလွဲသာတည်း။

(ပါထိကဝဂ္ဂပါဠိ - ၁၅၅။)

**(သာသနာရေး)**
(၃၀-၉-၂၀၀၆)

http://www.dhammadownload.com



# လုပ်သား (အလုပ်သမား) ကျင့်ဝတ် (၅) ပါး

သိင်္ဂါလောဝါဒသုတ္တန်လာ အလုပ်သမားများဘက်မှ တစ်ဖန် ထိန်းသိမ်းရမည့် ကျင့်ဝတ် (၅)ပါးရှိကြောင်း ဗုဒ္ဓမြတ်စွာက သိင်္ဂါလောဝါဒသုတ္တန်တွင် အတိအလင်း ဟောကြားထားပါသည်။ လုပ်သား (အလုပ်သမား)တို့ လိုက်နာရမည့် ကျင့်ဝတ် (၅)ပါးမှာ-

- အရှင်၏ ရှေးဦးစွာ အိပ်ရာမှ ထလေ့ရှိခြင်း၊
- အရှင်အိပ်ရာဝင်ပြီးနောက်၌ လုပ်သား (အလုပ်သမား) အိပ်လေ့ရှိခြင်း၊
- ပေးသည်ကိုသာ ယူလေ့ရှိခြင်း၊
- အမှုကိစ္စကို ကောင်းစွာပြုလေ့ရှိခြင်း၊
- အရှင် (အလုပ်ရှင်)၏ ဂုဏ်သတင်းကို ဆောင်လေ့ရှိခြင်း။

လုပ်သားများ လိုက်နာရမည့် ကျင့်ဝတ်ငါးပါးကို လင်္ကာဖြင့် ဖွဲ့ဆိုထားသည်မှာ-

http://www.dhammadownload.com



# လုပ်သား (အလုပ်သမား) ကျင့်ဝတ် (၅) ပါး လင်္ကာ

**အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊**
**ပေးမှုယူအပ်၊ စေ့စပ်ဆောင်ရွက်၊**
**ကျေးဇူးမြွက်၊ ငါးချက်လုပ်သား ကျင့်ရာတည်း။**

လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား ညီညွတ်ရေးသည် အထူးပင် အရေးပါလှပေသည်။ အလုပ်ရှင်ဖက်မှ ကျင့်ဝတ်ငါးဖြာနှင့် လိုက်နာဆောင်ရွက်နေပါလျှင် အလုပ်သမားများဖက်မှလည်း မိမိအလုပ်ရှင်အပေါ် မှန်ကန်သောအသိနှင့် ယှဉ်၍ ကျေးဇူးတုံ့ပြန်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် တိုးတက်ကြီးပွားမည်မှာ မလွဲသာတည်း။

(ပါထိကဝဂ္ဂပါဠိ-၁၅၅။)

**(သာသနာရေး)**
(၁-၁၀-၂၀၀၆)

http://www.dhammadownload.com



# သီးလုံးဆရာတော်ကြီး၏
# ဆုံးမသြဝါဒ

လောကလူ့ရွာ၊ ဘုံမွေတာတွင်၊
ကံသာအမိ၊ ဆိုရိုးရှိလည်း၊
ဝီရိယလျှင်၊ ဉာဏ်နှင့်ယှဉ်မှ၊
စီစဉ်သမျှ၊ မှုကိစ္စတို့၊
လုံးဝအောင်မြင်၊ ဖြစ်လိမ့်ပင်ဟု၊
လူတွင်အထွတ်၊ ဘုရားမြွက်သည်၊
ဟောလတ်သေချာ၊ မယွင်းတည်း။

(သာသနာရေး)
(၃-၁၁-၂၀၀၆)

http://www.dhammadownload.com



# အဘိဓဇမဟာရဋ္ဌဂုရု၊
# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
# ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ ၏
# ဆုံးမဩဝါဒ (၁)

သူများမျက်ရည်နှင့် ခြေမဆေးချင်နှင့်၊
သူများကို ဒုက္ခပေးပြီးမှ ရရှိမည့်ချမ်းသာမှုမျိုးကို
လိုချင်သောသူသည် ရန်သူနှင့် ဆက်ဆံနေရသကဲ့သို့
ရန်မှ မလွတ်နိုင်ချေ။

(ဓမ္မပဒ၊ ပကိဏ္ဏကဝဂ်။)

**(သာသနာရေး)**
(၁၃-၁၁-၂၀၀၆)

http://www.dhammadownload.com



# အဘိဓဇမဟာရဋ္ဌဂုရု၊
# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
# ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ ၏
# ဆုံးမဩဝါဒ (၂)
# ပြာဖုံးမီးခဲ လောင်မစဲ

ညှစ်ခါစနို့သည် မချဉ်မသိုး
အခိုးမထွက်သကဲ့သို့၊
မကောင်းမှုသည် ပြုခါစ၌ အခိုးမလွှတ်တတ်၊
ပြာဖုံးသော မီးကျီးခဲကဲ့သို့
လူမိုက်ကို တငွေ့ငွေ့လောင်ကျွမ်းလျက်ရှိရာ၏။

(ဓမ္မပဒ၊ ဗာလဝဂ်-၂၃။)

(သာသနာရေး)
(၇-၁၁-၂၀၀၆)

http://www.dhammadownload.com



# အဘိဓမ္မမဟာရဋ္ဌဂုရု၊
# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
# ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ ၏
# ဆုံးမဩဝါဒ (၃)
# စောင့်ကြည့်ပါ

မကောင်းမှုကား အကျိုးမပေးသေးသမျှ လူမိုက်သည် မကောင်းမှုကို ပျားရည်ကဲ့သို့ ချိုသည်ဟု ထင်မှတ်၏၊ အချိန်တန်၍ မကောင်းမှု အကျိုးပေးလာသော အခါ၌ကား လူမိုက်သည် လွတ်လမ်းမရှိ၊ ဆင်းရဲဒုက္ခအတိ ရောက်ရလေသည်။

(ဓမ္မပဒ၊ ဗာလဝဂ်-၂၃။)

**(သာသနာရေး)**

(၉-၁၁-၂၀၀၆)

http://www.dhammadownload.com



# ရွှေဟင်္သာဆရာတော်ဘုရားကြီး ၏
# ဆုံးမဩဝါဒ (၁)
# အောင်မြင်ရေးတရား (၄)ပါး

စိတ်ဆိုးသူအား မေတ္တာပွား မှတ်သား အောင်နိုင်ရာ၊
မကောင်းသူအား စိတ်ကောင်းထား မှတ်သား
အောင်နိုင်ရာ၊
စဉ်းလဲသူအား (မေတ္တာ) ပေးကမ်းပြား မှတ်သား
အောင်နိုင်ရာ၊
မုသားစကား မှန်စကား ပြောကြားအောင်နိုင်ရာ။

(သာသနာရေး)
(၁၁-၁၁-၂၀၀၆)

http://www.dhammadownload.com



# ရွှေဟင်္သာဆရာတော်ဘုရားကြီး ၏

# ဆုံးမဩဝါဒ (၂)

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(သာသနာရေး)
(၁၃-၁၁-၂၀၀၆)

http://www.dhammadownload.com



# ဆန်ပါလေ

- လောကသည် လျှောသက်နိမ့်ဆင်းနေ၏။
- လောကနှင့်ရော၍ မလျှောသက်ပါစေနှင့်။
- လောကသည် ရှုပ်၍ရှုပ်၍ ဆုတ်ယုတ်နေ၏။
- လောကအရှုပ်နှင့်ရော၍ မဆုတ်ယုတ်ပါစေနှင့်။
- လောကသည် အစုန်ရေကြော၌ ဒလဟော မျောနေ၏။
- လောကကိုလှန်၍ ဆန်တက်ပါလေ။

**ဘဒ္ဒန္တမာနိတာဘိဝံသ**

(သာသနာရေး)
(၂၈-၁၁-၂၀၀၆)

http://www.dhammadownload.com



# ချမ်းသာချင်လျှင် စိတ်ကောင်းထားပါ

သတ္တဝါတိုင်းသည် ချမ်းသာကို အလိုရှိကြကုန်၏။ ဤချမ်းသာသုခကို မိမိ၏ မိဘ၊ ဆွေမျိုးကအစ မည်သည့်တန်ခိုးရှင်၊ မည်သည့်ပုဂ္ဂိုလ်မျိုးကမျှ ပေးနိုင်မည်မဟုတ်ပါ။ "စိတ္တေန နီယတေ လောကော" ဆိုသည့်အတိုင်း လောကကြီးကို စိတ်က ဦးဆောင်နေသည့်အတွက် မိမိသန္တာန်မှာထားသည့် ကောင်းမြတ်သော စိတ်ကသာ ချမ်းသာသုခကို ပေးစွမ်းနိုင်ပါသည်။

ထို့ကြောင့် ချမ်းသာသုခကို အလိုရှိလျှင် အရာရာမှာ စိတ်ကောင်းထားတတ်ရန် လိုအပ်ပါသည်။

ဘဒ္ဒန္တသာသနာဘိဝံသ
မန္တလေး၊ မြတောင်ကျောင်းတိုက်

(သာသနာရေး)
(၃၀-၁၁-၂၀၀၆)

http://www.dhammadownload.com



# ၃၈–ဖြာ မင်္ဂလာတရားတော်

၃၈-ဖြာ မင်္ဂလာတရားတော် ပေါ်ပေါက်ခဲ့ရသည့် အကြောင်းများမှာ နတ်ပြည်၊ လူ့ရွာ သတ္တဝါအပေါင်းတို့သည် နိဗ္ဗာန်တည်းဟူသော အေးငြိမ်းမှုသုခကို ရလိုကြသဖြင့် တရားဓမ္မနှင့်အညီ ကောင်းမြတ်သော အကျင့်များကို ကျင့်ကြံအားထုတ်ရန် ဆန္ဒပြင်းပြလိုလားခဲ့ကြပါသည်။ သို့သော် မင်္ဂလာရှိသည်၊ မရှိသည်ကို တရားဓမ္မဖြင့် သုံးသပ်ဆင်ခြင်နိုင်ကြခြင်းမရှိဘဲ နံနက်ချိန်ခါ ဒေါင်းဖန်ဝါနေမင်းကြီး ပေါ်ထွက်ခြင်းမျိုးကို မင်္ဂလာရှိသည်ဟူ၍ လည်းကောင်း၊ ရွှေဥဒေါင်းမင်း၏ အသံကိုကြားရသည်ပင် မင်္ဂလာရှိသည်ဟူ၍ လည်းကောင်း၊ နွားချေးပုံတွေ့သည်ကိုပင် မင်္ဂလာဟူ၍ အသီးသီး အယူအဆအမျိုးမျိုး ယုံကြည်ကြသကဲ့သို့ အိမ်ရှေ့တွင် လင်းတနားလျှင် မင်္ဂလာမရှိ၊ ကြွက်သေကောင်တွေ့လျှင် အမင်္ဂလာဟူ၍ အသီးသီးအယူအဆ ရှိကြပါသည်။ သို့အတွက် ထိုမင်္ဂလာဟူသောတရားကို သိရှိနိုင်ရန် လူနှင့် နတ်တို့ တစ်ဆယ့်နှစ်နှစ်တာ ကာလပတ်လုံး တွေးတောကြံဆငြင်းခုံခဲ့ကြသော်လည်း တကယ့်စစ်မှန်သော မင်္ဂလာတရားကို တွေ့ရှိခဲ့ကြခြင်း မရှိပါ။

http://www.dhammadownload.com



ထိုအချိန်အခါတွင် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ညဉ့်ဦးယံအလွန် သန်းခေါင်အခါ၌ အမျိုးအမည်အားဖြင့် မထင်ရှားသော နတ်သားတစ်ပါးသည် မင်္ဂလာတရား၏ အစစ်အမှန်ကို သိရှိလိုသဖြင့် မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသည်။

အမျိုးအမည်အားဖြင့် မထင်ရှားသည်ဟု ဆိုသော်လည်း ထိုနတ်သားသည် သိကြားမင်းနှင့်တကွ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုယ်စား လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် ထိုနတ်သား၏ လျှောက်ထားမှုကို အကြောင်းပြု၍ လူနတ် ဗြဟ္မာ သတ္တဝါအားလုံးအတွက် လောကတွင် ယဉ်ကျေးသိမ်မွေ့ မင်္ဂလာရှိစွာ နေထိုင်ကျင့်ကြံပြီး နိဗ္ဗာန်သို့ရောက်သည့်တိုင်အောင် အထောက်အကူပြုနိုင်ရန်အတွက် ဤ ၃၈-ဖြာ မင်္ဂလာတရားတော်ကို ဟောကြားခဲ့ပါသည်။

၃၈-ဖြာ မင်္ဂလာတရားတော်ကြီးသည် လူမျိုးမရွေး၊ ဘာသာမရွေး ယုံကြည်စွာ ကျင့်ကြံအားထုတ် လိုက်နာဆောင်ရွက်သူများအား ငြိမ်းချမ်းမှုသုခကို အမှန်တကယ် ပေးစွမ်းနိုင်သော တရားတော်ကြီး ဖြစ်ပါသည်။ ၃၈-ဖြာ

http://www.dhammadownload.com



မင်္ဂလာ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသည့် ကမ္ဘာတစ်ဝန်း မည်သည့်ဒေသမဆို ငြိမ်းအေးမှု သန္တိသုခကို ပေးစွမ်းနိုင်သကဲ့သို့ ထိုတရားနှင့် ဆန့်ကျင်ဖီလာ ကင်းကွာစွာ နေထိုင်ကြပါကလည်း ဒုက္ခမျိုးစုံနှင့် တွေ့ကြုံ ရတတ်ကြပါသည်။

၃၈-ဖြာ မင်္ဂလာတရားတော်ကြီးသည် လောကအကျိုးစီးပွားအတွက် ပေါ်ပေါက်လာသော မင်္ဂလာတရားတော်ကြီးပင် ဖြစ်ပါသည်။

၃၈-ဖြာ မင်္ဂလာတရားတော်တွင်လည်း ပထမဦးဆုံး အရေးကြီးသည့် မင်္ဂလာတရားတော်မှာ သူမိုက်နှင့်အတူတကွ နေထိုင်ပေါင်းသင်းဆက်ဆံခြင်းကို ရှောင်ကြဉ်ကြရန် အဓိကထား ဟောကြားခဲ့ပါသည်။

## အသေဝနာစ ဗာလာနံ

သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာ တစ်ပါးမည်၏။

သူမိုက်ဆိုသည်မှာ-

- ကုသိုလ်၊ အကုသိုလ် အကောင်းအဆိုးကို ခွဲခြားမသိသူ၊

  အယုတ်တရား၊ အမြတ်တရားတို့ကိုလည်း ခွဲခြားမသိတတ်သူ၊

http://www.dhammadownload.com



- အပြစ်ရှိ၊ အပြစ်မဲ့ဖြစ်ကုန်သော တရားတို့ကိုလည်း ခွဲခြားမသိတတ်သူ၊
- မည်းညစ်သော၊ ဖြူစင်သော တရားတို့ကိုလည်း ခွဲခြားမသိတတ်သူ၊

ထိုသို့ သဘောရှိကုန်သော သူတို့သည် သူမိုက်မည်ကုန်၏။

ဗာလာပဏ္ဍိတသုတ္တန်လာ ဗာလလက္ခဏာ သုံးမျိုးမှာ-

(၁) ကောင်းဆိုးနှစ်ပါး၊ မသိငြား၊ မှတ်သား သူမိုက်သာ၊

(၂) ဒုစ္စရိတ (ဒုစရိုက်တရား)၊ ကျင့်ကြံက၊ မှတ်ကြ သူမိုက်သာ၊

(၃) ကြံ၊ ပြော၊ လုပ်မှု၊ ဤသုံးခုများ၊ မကောင်းငြား၊ မှတ်သား သူမိုက်သာ၊

ဓမ္မအမြင် တွေ့မြင်နိုင်သော သူမိုက်လက္ခဏာများရှိသကဲ့သို့ မျက်မှောက်လောက အမြင်ဖြင့် တွေ့ရှိရသော သူမိုက်လက္ခဏာများမှာလည်း ရှိပါသည်။ ယင်းတို့မှာ-

- မရသေးသော စည်းစိမ်ဥစ္စာများကို ရရှိအောင် ကြိုးစားအားထုတ်မှု မရှိခြင်း၊
- ရရှိပြီးသား စည်းစိမ်ဥစ္စာ ရာထူးများကို ခိုင်မြဲတည်တံ့ တိုးပွားအောင် ထိန်းသိမ်းနိုင်မှု မရှိခြင်း၊

http://www.dhammadownload.com



- စည်းစိမ်ဥစ္စာ ရာထူးရာခံ များကိုလည်း မြတ်သော သမ္မာအာဇီဝနည်းဖြင့်သာ ရရှိအောင် ကြိုးစားအားထုတ်ခြင်း မဟုတ်ဘဲ မကောင်းသော ဖြတ်လမ်းနည်းဖြင့် ကြိုးစား အားထုတ်ခြင်း-

စသော ထိုသူမျိုးများမှာလည်း အသက်ရှူ၍နေရ၍ အသက်ရှိနေသော်လည်း လူ့ဗာလစာရင်းဝင်များသာ ဖြစ်ကြပါသည်။

ရှေးနိပါတ်တော်များတွင် သူမိုက်နှင့်ပေါင်း၍ သူတော်ကောင်းစကား မမြွက်ကြားနိုင်သည့် သာဓကတစ်ခုရှိခဲ့ပါသည်။ သိုက်မြုံတစ်ခုထဲတွင် မွေးဖွားခဲ့သည့် ကျေးသားညီနောင်ဝတ္ထုတွင် လေမုန်တိုင်းဒဏ်ကြောင့် တကွဲတပြားဖြစ်သွားကြရာမှ သူမိုက်တို့ထံတွင် ရောက်သွားသော ကျေးသားသည် တောကစားရာမှ မျက်စိလည်လမ်းမှား၍ သူမိုက်စခန်းအနီးသို့ ရောက်လာသော ဘုရင်ကြီးအား ကျေးသားငယ်က "ခုတ်ပါလား၊ ထိုးပါလား၊ သတ်ပါလား" ဟူသောစကားဖြင့် ရှုန့်ရင်းကြမ်းတမ်းစွာ ပြောခဲ့သည်။ သူမိုက်နှင့်ပေါင်းသင်းမိသည့် ကျေးသားသည် ပင်လျှင် ယုတ်ကြမ်းသောစကားကို ဆိုတတ်ခဲ့လေသည်။

http://www.dhammadownload.com



ပြည့်ရှင်မင်း၏ လွန်စွာမှပင် ယဉ်ကျေးသိမ်မွေ့သော မင်္ဂလာဆင်တော်ကြီးသည်ပင်လျှင် ဆင်တင်းကုပ်အနီးတွင် လာရောက်ဆွေးနွေးကြသည့် လူဆိုး၊ ခားပြတို့၏ ဆိုစကားများကို ကြိမ်ဖန်များစွာ ကြားရသည့်အခါတွင် လူဆိုးခားပြစိတ်သက်ဝင်လာပြီး လွန်စွာမှပင် ရိုင်းစိုင်းသော ဆင်ဆိုးကြီးအဖြစ် ကူးပြောင်းသွားခဲ့ပါသည်။

အဇာတသတ်မင်းသားငယ်သည်လည်း သူမိုက်ဖြစ်သည့်ဒေဝဒတ်ဆရာအား ဆည်းကပ်ပေါင်းသင်းမိခဲ့သည့် အတွက် မိမိအား အသက်ပေး၍ ချစ်မြတ်နိုးသွားခဲ့သူဖခင်အရင်း ဗိမ္ဗိသာရမင်းကြီးအား ရက်စက်စွာ ညှဉ်းဆဲသတ်ဖြတ်စေသည်အထိ မိုက်မဲခဲ့ရသည်။

ဤဇာတ်တော်လာ ဝတ္ထုသာဓကများအရ သူမိုက်သည် မည်မျှကြောက်စရာကောင်းကြောင်း သိသာထင်ရှားလှပေသည်။

ဤမျက်မှောက်ကာလတွင်လည်း သူမိုက်နှင့်တစ်ဦးချင်း ပေါင်းသင်းသူသည်လည်း ဒုက္ခရောက်ရ၏။

မိသားစုတစ်ခုအတွင်း သူမိုက်တစ်ယောက်ပါလာလျှင်လည်း ထိုမိသားစု စိုးရိမ်သောက၊ ဆင်းရဲဒုက္ခရောက်ကြရ၏။

http://www.dhammadownload.com



အလားတူ ရပ်ကွက် ကျေးရွာ၊ မြို့ပြ၊ နိုင်ငံ၊ ကမ္ဘာ မည်သည့်နေရာမဆို သူမိုက်တို့ ကြီးစိုးလာလျှင် ဒုက္ခရောက်ကြရသည်ချည်း ဖြစ်သည်။

ဤလောက၌ ဘေးဒုက္ခဟူသမျှသည် သူမိုက်ကိုသာ အကြောင်းပြု၍ ဖြစ်ပေါ်လာကြကုန်၏။

ထို့ကြောင့် တရားတော်တွင်လည်း သူမိုက်သည် မီးခဲနှင့် သဏ္ဌာန်တူကြောင်း ဟောကြားခဲ့ပါသည်။

မီးရှိနေတုန်း အသွင်ရဲရဲမီးခဲကို ကိုင်မိပါကလည်း ပူလောင်တတ်သည်။

မီးငြိမ်းသွားပြီး မီးမရှိသည့် မီးသွေးခဲကို ကိုင်မိတော့လည်း ကိုင်သူအား မည်းညစ်ကျန်ခဲ့သည်။

သို့အတွက် သူမိုက်ကိုမူ အရှိန်အာဏာတန်ခိုးကြီးထွားစဉ် ပေါင်းသင်းပါကလည်း ထိုသူမိုက်ကို အကြောင်းပြု၍ ပေါင်းသင်းသူလည်း အမုန်းခံရတတ်သည်။

အရှိန်အဝါ ကျဆင်းသွားသည့် သူမိုက်ကို ပေါင်းသင်းသူသည်လည်း ပေါင်းသင်းသူ၏ဘဝပါ မွေးမှိန်ညစ်ထေးသွားရတတ်သည်။

တန်ဖိုးမဲ့သော သူမိုက်တစ်ယောက်ကြောင့် တန်ဖိုးကြီးသော လူကြီးလူကောင်း အများအပြား ဆုံးရှုံးခဲ့ရသည်ကိုလည်း သတိပြုသင့်ပါသည်။

http://www.dhammadownload.com



ပမာအားဖြင့် သူမိုက်သည် အိမ်ကြီး၊ အိမ်ကောင်း၊ တိုက်တာကြီးများကြားမှ အိမ်သေး၊ အိမ်စုတ်ကလေးများ သဖွယ် ရှိနေသဖြင့် ထိုသို့ အိမ်သေး၊ အိမ်ငယ်များ မီးလောင်ရာမှ တိုက်တာအိမ်ကြီးများ ဆုံးရှုံးခဲ့ရသည်လည်း ရှိသည်။

သူမိုက်နှင့်ပတ်သက်၍ အခြားဥပမာပြ ဟောကြားသော တရားတစ်ပုဒ်မှာ သူမိုက်သည် ငါးပုပ်နှင့် အသွင်တူသည်။ ငါးပုပ်ကို ထုတ်ယူလာသော ဖက်တို့သည် ငါးပုပ်မှ ကင်းကွာသွားသော်လည်း အပုပ်နံ့သည် ဖက်တွင် စွဲကျန်ရစ်သကဲ့သို့ သူမိုက်နှင့် ပေါင်းသင်းမိသူသည်လည်း အကြောင်းအမျိုးမျိုးကြောင့် သူမိုက်နှင့် ကွဲကွာသွားခဲ့သော်လည်း သူမိုက်၏ မကောင်းသော အနံ့အသက်များသည် ပေါင်းသင်းသူတွင် စွဲကျန်ရစ်ခဲ့မည်သာတည်း။

ဤမျှဆိုလျှင် "**အသေဝနာ စ ဗာလာနံ**" လူမိုက်ကို ရှောင်ကြဉ် မပေါင်းသင်းရန်ဆိုသော မင်္ဂလာတရားသည် မည်မျှအရေးကြီးကြောင်း ထင်ရှားလှပါပေသည်။

**(သာသနာရေး)**

(၁၇-၄-၂၀၀၇)